


# အနတ္တ က အနတ္တ ကို အားကိုးနေကြတယ်

ဟောကြားသည့်နေ့
၇-၃-၅၉

၁၃၄

ကျေးဇူးတော်ရှင်မဟာထေရ်အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ဘုရားကြီး
ဟောကြားတော်မူသော သစ္စာလေးပါးတရားတော် အမှတ်စဉ်(၃၀) မှ
ထုတ်နှုတ်ပုံနှိပ်ပါသည်။

THITSARPARAMI LIBRARY
Date

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ

မိုးကုတ်ဆရာတော်ဘုရားကြီး

မိုးကုတ်မြို့၌ဟောကြားတော်မူသောတရားတော်

# အနတ္တက အနတ္တကို
# အားကိုးနေကြတယ်

(၇ - ၃ - ၅၉)

ကျေးဇူးတော်ရှင်အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
မိုးကုတ်မြို့၌ ဟောကြားတော်မူသော တရားတော်

# အနတ္တက အနတ္တကို အားကိုးနေကြတယ်

(၇-၃-၅၉)

## ကိုယ့်ကိုယ်ကို အားကိုးရမှာလား

ကိုယ့်ကိုယ်ကြီးကို အားကိုးရမလားလို့ မေးလို့ရှိရင် သူကလဲရုပ်နာမ်အနတ္တ ဖြစ်နေလို့ အားကိုးဖို့ရာ အချိန် မရပါဘူး. . . (မှန်ပါ့)။

အားကိုးရအောင်လို့ ရှာထားတဲ့ ပစ္စည်းတွေကလဲ ရန်သူမျိုးငါးပါးနဲ့ တွေ့နိုင်တာတစ်ကြောင်း၊ အနတ္တပစ္စည်း တွေ ဖြစ်တာတစ်ကြောင်း၊ ဖြစ်လာသောကြောင့် အားကိုးရာ ဟာ တကယ်တွက်လေလေ မရှိလေလေဘဲဆိုတာ သဘော ကျပလား(ကျပါပြီဘုရား)။

ဒါဖြင့် ဒကာဒကာမတို့ ခဲလေသမျှ သဲရေကျ ဖြစ်ရမှာပဲ (မှန်ပါ့) တချို့ကြည့်ပါလား၊ လူက အနတ္တအဖြစ်သို့ ရောက်သွားတယ်၊ ပစ္စည်းက ကျန်ရစ်နေတယ်. . . (မှန်ပါ့)။

## ပစ္စည်းအားကိုးမလို့ရှာကြတယ်

ဒါဖြင့် ဒီပုဂ္ဂိုလ် နဂိုတုန်းက ဘယ်လိုပါလိမ့်မလဲ ဦးဝတို့အမေးထုတ်လို့ရှိရင်ဖြင့် သူက အားကိုးမလို့ ပစ္စည်းတွေ ရှာနေတာ၊ ရုပ်နာမ်က ပစ္စည်းအပေါ်မှာ အားကိုးမလို့ ရှာနေတာ (မှန်ပါ့) မရှာကြဘူးလား. . . (ရှာပါတယ်ဘုရား)။

ရှာကြတဲ့ အခါကျတော့ ရုပ်နာမ်က ပြုတ်ထွက်သွားတယ် အနတ္တမို့. . . (မှန်ပါ့) အားကိုးလိုက်ရသေးရဲ့လား . . . (မှန်ပါ့) အားကိုးလိုက်ရသေးရဲ့လား. . . (မကိုးရပါဘုရား) လူက စွန့်သွားတယ် ဆိုရတာပေါ့ဗျာ. . . (မှန်ပါ့)။

တစ်ခါတလေကျတော့လဲ ရုပ်နာမ်ကတော့ဖြင့်ဆက်လက်ပြီးသကာလ၊ ရုပ်ဓာတ်,နာမ်ဓာတ်တွေက နေရစ်ခဲ့ပါသေးရဲ့လား၊ အားကိုးရာတရားတွေက ရန်သူမျိုးနဲ့ ဆက်ဆံပြီးသကာလ ပျက်စီးသွားတဲ့အခါကော တချို့သောပုဂ္ဂိုလ်မှာ မရှိဘူးလား(ရှိပါတယ်ဘုရား)။

ဒါဖြင့် သူ နဂိုတုန်းက ရည်ရွယ်ချက် ကိုက်ကဲ့လား . . . (မကိုက်ပါဘုရား) အားကိုးရာ ရှာထားတာလဲ အားကိုးရာ

အဖြစ်သို့ ရောက်ပါသလား၊ အနတ္တ အဖြစ်သို့ ကျရောက်သွားသလားလို့ မေးကြည့်ပါလား၊ အနတ္တအဖြစ်သို့ ကျရောက်သွားတယ်ဆိုတာ ဒကာဒကာမတွေ သိကြပါတယ်. . . (မှန်ပါ့ဘုရား)။

ဪ. . . ဒါဖြင့်၊ တို့သည်ကား. . . လို့ဆိုရင် တို့လုပ်နေတဲ့ တို့ရည်ရွယ်ချက်သည်ကားလို့ ဆိုရင်ဖြင့်၊ အားကိုးရာ ရှာနေတယ်ဆိုပြီး နေတိုင်း ရောင်းကြ၊ ဝယ်ကြ၊ ပြောကြ၊ ဆိုကြ၊ သွားကြ၊ လာကြ ကိုယ့်အလုပ်တွေ လုပ်ကြပေါ့ဗျာ. . . (မှန်ပါ့) လောကီအလုပ်တွေ မလုပ်ကြဘူးလား. . . (လုပ်ပါတယ်ဘုရား) အဲဒီတော့ အားကိုးချင်တဲ့တရားကလည်း အနတ္တပဲ၊ အားကိုးခံရမည့် တရားကလည်း. . . (အနတ္တပါပဲဘုရား)။

ဒါဖြင့် ဒကာဒကာမတွေ ရည်ရွယ်ချက် ပန်းတိုင်တော့ဖြင့်ရောက်ကြမယ်မဟုတ်ပါဘူး. . . (မရောက်ပါဘုရား) ရောက်ပါ့မလား. . . (မရောက်ပါဘုရား)။

ရည်ရွယ်ချက်ပန်းတိုင်တော့ဖြင့် ဒကာဒကာမတွေ ဘယ်နည်းနဲ့မှ မရောက်ဘူး၊ ဥပမာ ပြောကြပါစို့ဆိုတော့ ဒါကယခု ဒကာဒကာမတွေ ထိုင်နေတဲ့ခန္ဓာကိုယ်ပေါ့ဗျာ၊ ဒီဘက်ကတော့ ရွှေငွေ ကျောက်သံပတ္တမြား အိမ်ရာတိုက်တာ ပေါ့ဗျာ. . . (မှန်ပါ့)။

## ရန်သူမျိုးငါးပါးနဲ့ဆက်ဆံနေရတယ်

ဒီကလဲ အနတ္တတရား ဖြစ်သောကြောင့် ကိုယ့်ကိုယ်ကို မပိုင်လို့ သူကလဲ ဖောက်ပြန်ပျက်စီးနေတာပဲ. . . (မှန်ပါ့ဘုရား) သူက အားကိုးရမည့်တရား၊ ဒါက အားကိုးရာအဖြစ်နဲ့ ရှာထားတဲ့ပစ္စည်းတွေ. . (မှန်ပါ့) သူကလဲ ရေ၊ မီး၊ မင်း၊ ခိုးသူ၊ မချစ်မနှစ်သက်သောသူဆိုတဲ့ ရန်သူမျိုးငါးပါးတွေနဲ့ ဆက်ဆံသောကြောင့် သူကလဲ ပျက်စီးဆုံးပါးနိုင်တဲ့ အနတ္တတရားပဲ. . (မှန်ပါ့) သဘောကျပလား. . (ကျပါပြီဘုရား)။

ဒါဖြင့် ဒီအနတ္တက ဒီအနတ္တကို အားကိုးတယ်. . . (မှန်ပါ့) ပေါ်ပလား. . . (ပေါ်ပါပြီဘုရား)။

ဒီတော့ အနတ္တဆိုကတည်းက သူ့ဟာသူမှ မပိုင်တဲ့တရားက သူက ဟိုကို အားကိုးချင်တယ် ဆိုလို့ရှိရင် ဖြစ်ပါ့မလား. . (မဖြစ်ပါဘုရား)။

ဒီတရားတွေကလည်း ရန်သူငါးတန် ဆက်ဆံပြီး သကာလ နေသောကြောင့် ဒီအနတ္တတရားတွေကလဲ ဒီကို ကယ်ပါ့မယ်၊ ယူပါ့မယ်လို့ တာဝန်ခံရဲလား. . (မခံပါဘုရား)။

ဒါဖြင့် ဒကာ ဒကာမတွေ နေ့တိုင်းလုပ်နေတဲ့ အလုပ်ဟာ ခန္ဓာဘက်က မေးကြည့်တော့လည်း အနတ္တပဲ၊ နေရာမကျဘူး . . . (မှန်ပါ့)။

ရတဲ့ပစ္စည်းဘက်ကြည့်လိုက်ပြန်တော့လည်း ရေ၊ မီး၊

မင်း၊ ခိုးသူ၊ မချစ်မနှစ်သက်သောသူနဲ့ ဆက်ဆံနေသောကြောင့် သူကလည်း အားကိုးရာမရပါဘူး၊ ရကြရဲ့လား. . (မရပါဘူးရား)။

ဒါဖြင့် အနတ္တက အနတ္တကို အားကိုးနေတယ်လို့ ဦးဘအုန်းတို့ ဆိုရင်ကော. . (မလွဲပါဘုရား)။ ဦးဇံရင်တို့ ဘယ်လိုဆိုကြပါမလဲ. . (အနတ္တက အနတ္တကို အားကိုးနေပါတယ်ဘုရား။

အနတ္တက အနတ္တကို အားကိုးနေတယ်ဆိုတော့ သစ်ပင်နှစ်ပင်ဟာ တစ်ပင်က လဲလုနေတယ်၊ တစ်ပင်ကလဲ သွားပြီးမှီတယ် ဆိုရင်ဖြင့် မြန်မြန်လဲဖို့ပါပဲ. . (မှန်ပါ)။

ယိုင်နေတဲ့သစ်ပင်ကို တစ်ပင်က သွားပြီးမှီရင် ဘယ့်နှယ်ပါလဲ (မြန်မြန်လဲဖို့ပါဘုရား) ဘာဖြစ်လို့တုံး၊ ဟိုကလဲမခိုင်၊ ဒီကလဲမခိုင်၊ မခိုင်တာချည်းသည်ကား. . . လို့ဆိုရင် ဆက်သွယ်လို့ ရရဲ့လား. . (မရပါဘုရား) နှစ်ခုစလုံး ပြိုဖို့ ပျက်ဖို့ ဆိုတာကော ငြင်းဖို့လိုသေးသလား. . (မလိုပါဘုရား)။

ဒါဖြင့် ဒကာ ဒကာမတွေ ခန္ဓာကိုယ်ဟာလဲ လဲလိုက်၊ ပြိုလိုက်၊ ယိုင်လိုက်၊ နွဲ့လိုက်ဆိုတဲ့ အနတ္တတရား. . (မှန်ပါ) ရှာထားတဲ့ ပစ္စည်းကကော. . ( လဲတတ်၊ ပြိုတတ်တဲ့ အနတ္တတရားပါဘုရား) သူက သူ့ကိုမှီရင် ပြိုမှာပဲ (မှန်ပါ) သူက မှီရင်ကော. . (ပြိုမှာပါဘုရား)။

ဒါဖြင့် နေ့တိုင်း ဒကာ ဒကာမတွေ လုပ်ကိုင်ပြီးသကာလ ခန္ဓာက အားကိုးခံလိမ့်မယ် ထင်ပြီးရှာလိုက်၊ ပစ္စည်းက အားကိုး ခံလိမ့်မယ်ဆိုပြီး ရှာလိုက်နဲ့ နေခဲ့ရတာ ဘဝပေါင်းများစွာ ကြာခဲ့ကြပါပြီတဲ့၊ ဒီလို အပြို အလဲ အပျက်နဲ့ပဲ အချိန်ကုန်လာခဲ့ကြတယ်. . . (မှန်ပါ့)။

## ဘာနဲ့ အချိန်ကုန်ခဲ့ကြသလဲ

ဘဝပေါင်းများစွာက ဘာနဲ့အချိန်ကုန်ခဲ့ကြ သလဲ. . . (အပြိုအလဲနဲ့ အချိန်ကုန်ခဲ့ကြပါတယ်ဘုရား) ပြိုတယ်၊ လဲတယ်၊ ပျက်တယ်၊ ဒါနဲ့ပဲ အချိန်ကုန်လာတာပဲ . . (မှန်ပါ့)။

အခုလဲ ဒီအလုပ်ကို ထပ်လုပ်ပြန်တယ်၊ ဘယ့်နှယ် ဝါသနာအထုံကြီးလှချေကလားလို့ မေးဖို့မလိုဘူးလား. . . (လိုပါတယ်ဘုရား)။

နောက်တုန်းကလဲ ဒီအတိုင်းပဲ၊ တစ်ခုအားကိုးရင် တစ်ခုပျက်၊ တစ်ဖက်ကအားကိုးခံမလားလို့ ရှာလိုက်ဖွေလိုက်တယ်၊ တစ်ဖက်ကပျက်တာပဲ၊ နောက်ဆုံးပိတ် တစ်နေ့ကျတော့ ဘယ်သူ့ကိုဘယ်သူမှ အားကိုးလို့ မရတော့ဘူးဆိုတာကတော့ အထင်အရှားပေါ့ဗျာ. . (မှန်ပါ့) မထင်ရှားဘူးလား. . (ထင်ရှားပါတယ်ဘုရား)။

အခုဘာလုပ်နေကြတုံးဆိုတော့ အရင်ဟာအားကိုးပျက်လို့ အဲဒီအပျက်မျိုးကို အားကိုးရှာနေတယ်လို့ အဖြေထွက်ရုံပဲရှိတယ်. . (မှန်လှပါ) ဒီပြင် ဘာထွက်စရာ ရှိသေးသတုံး. . (မရှိပါဘုရား) ဦးဇံရင်တို့ သဘောပါရဲ့လား. . (ပါပါတယ်ဘုရား) ခန္ဓာကလဲ အနတ္တမဟုတ်လား. . (မှန်ပါ့) ရှာထားတဲ့ပစ္စည်းကကော. . (အနတ္တပါဘုရား) ဪ. . ဒါဖြင့် အနတ္တအားကိုး မခံနိုင်တာချင်း အတူတူ အားကိုးနေတယ် ဆိုရင်လွဲသလား. . (မလွဲပါဘုရား)။

အဲဒါကို ခင်ဗျားတို့က အားကိုးရတယ်လို့ ထင်ပြီးသကာလ မပျောက်စေနဲ့၊ ဒါပဲ တို့မှာအထုပ်အထည်ကလေးရှိသဟ၊ ဘာများသူအားကိုးနိုင်သတုံး၊ ယိုင်တဲ့အပင်ကို လဲမည့်အပင်ကသွားပြီးမှီပြန်ပြီ. . . (မှန်ပါ့)။

## ယိုင်တဲ့အပင်ကို လဲမည့်အပင်ကမှီတယ်

ယိုင်တဲ့အပင်ကို လဲမည့်အပင်က သွားမှီတော့ ဘယ့်နှယ်နေပါ့မလဲ. . (ပြိုလဲမှာပါ) အကုန်ပြိုပျက်သွားလိမ့်မယ်ဆိုတာ အမှန်ပဲလို့ ဆုံးဖြတ်ချက်ချပါ. . . (မှန်ပါ့) ရှင်းပလား. . (ရှင်းပါပြီဘုရား)။

ဒီမှာလဲယောက်ျားက မိန်းမအားကိုး၊ မိန်းမကယောက်ျားအားကိုး၊ သားတွေသမီးတွေ ဆက်လက်ပြီးသကာ

လ အားကိုး၊ ယိုင်တဲ့အပင်ကို လဲပြိုတဲ့အပင်က သွားမှီတာပဲ. . (မှန်ပါ့) ဒီလိုချည့် မနေဘူးလား. . (နေပါတယ်ဘုရား)။

ဒါဖြင့် ကိုယ့်အလုပ်ဟာဖြင့် ဒီလမ်းနဲ့ ဒီစခန်းသည်ကားလို့ ဆိုရင်ဖြင့် လုံးဝမမှန်သေးတဲ့ လမ်းပဲလို့ ဆုံးဖြတ်ချက်ချပါ. . (မှန်ပါ့)။

ဒါကခင်ဗျားတို့ ခန္ဓာကိုယ်လေ(မှန်ပါ့) ဒါက ခင်ဗျားတို့ နေ့တိုင်း အားကိုးရမလားလို့ ရှာထားတဲ့ တိုက်တာ၊ အိမ်ရာ၊ ရွှေ ငွေ၊ ကျောက်သံပတ္တမြားတွေပေါ့ဗျာ (မှန်ပါ့) မှီမည့်တရားကကော (အနတ္တတရားပါ) ခက်နေပြီပေါ့ ဒကာ ဒကာမတို့ ယိုင်တဲ့အပင်ကို လဲတဲ့အပင်က သွားပြီးမှီတာကိုး (မှန်ပါ့)။

ဘယ့်နှယ်ဆိုကြမလဲ (ယိုင်တဲ့အပင်ကို လဲတဲ့အပင်က သွားပြီးမှီပါတယ်ဘုရား) နှစ်ပင်စလုံး ကျွမ်းထိုးမှောက်ခုံဖြစ်မယ် (မှန်ပါ့) ဟုတ်ကြရဲ့လား. . . (ဟုတ်ပါတယ်ဘုရား)။

သေတဲ့ပုဂ္ဂိုလ်တွေ သွားကြည့်စမ်း ဒကာ ဒကာမတို့၊ ဒီအတိုင်းတွေ့မှာပဲ (မှန်ပါ့) သေမည့်ပုဂ္ဂိုလ် သွားမေးကြည့်စမ်းပါ၊ သေခါနီးကို သူရှာထားတဲ့ပစ္စည်း သူအားကိုးရမလားလို့၊ ရှာတော့ ရှာတာပဲ ဟုတ်လား၊ သို့သော် အားကိုးမည့် ပုဂ္ဂိုလ်က အရင်ပြုတ်ထွက်သွားတယ်. . (မှန်ပါ့)။

တချို့ကျတော့ ဘယ်သူကအရင်ပြုတ်သတုံး (အားကိုးရမည့် ပုဂ္ဂိုလ်က အရင်ပြုတ်ပါတယ်ဘုရား) တချို့ကျတော့လဲ

အားကိုးခံမည့်တရားက အရင်ပြုတ်တယ် (မှန်ပါ့) ဒီနှစ်ပြုတ်မှ တစ်ပါးတခြားတော့မရှိပါဘူး (မရှိပါဘုရား) သဘောပါကြ ပလား (ပါ,ပါပြီဘုရား) ဒါကိုပဲ ဒကာ ဒကာမတွေနေ့တိုင်း ကြိုးစားနေ ကြတာကိုး (မှန်ပါ့) ရှင်းကြပလား. . . (ရှင်းပါပြီ ဘုရား)။

နေ့တိုင်း ကြိုးစားနေကြတာက အနတ္တနှစ်ခု ကြိုးစားနေကြတယ်၊ အနတ္တနှစ်ခုကိုပဲ ခင်ဗျားတို့ ပြုစုတယ်လို့ အားကိုးကြတာပဲ (မှန်ပါ့) ရှာကြ ဖွေကြတာပဲ၊ အနတ္တနှစ်ခုကို ပြုစုမယ်လို့ ရှာကြဖွေကြတယ်. . (မှန်ပါ့)။

ပြောပါဦး ဘာတဲ့တုံး (အနတ္တနှစ်ခုကို ပြုစုမယ်လို့ ရှာကြဖွေကြပါတယ်) သူတို့က အနတ္တလို့ ပြောနေပါလျက်သား နဲ့ ခင်ဗျားတို့ ပြုစုလဲအပိုပဲ (မှန်ပါ့) ရှင်းပလား. . (ရှင်းပါပြီး ဘုရား)။

အနတ္တနှစ်ခုပြုစုဖို့ ခင်ဗျားတို့ ရှာနေပြေးသော်လဲ၊ အနတ္တနှစ်ခုခိုင်မြဲဖို့ ခင်ဗျားတို့ လုပ်ပြေးသော်လဲ၊ သူတို့က အနတ္တနှစ်ခုလို့ ပြောနေတယ် (မှန်ပါ့) သူကလဲ ဘာပြောသလဲ (အနတ္တပဲပြောပါတယ်) သူရှာထားတဲ့ ပစ္စည်းကကော. . . (အနတ္တပါဘုရား)။

အဲဒီတော့ အနတ္တနှစ်ခုကို ခင်ဗျားတို့သည်ကားလို့ ဆိုရင်ဖြင့်၊ ကိုးစားရာ အားထားရာအဖြစ်နဲ့ နေကြဦးမယ် ဆိုလို့ရှိရင် နှစ်ပင်လဲပဲ၊ နှစ်ပင်ပြိုပဲ၊ နှစ်ပင်ပျက်ပဲဆိုတာဖြင့်

ဘာမှ ပြင်းဖို့ မလိုတော့ဘူး (မလိုပါ) ရှင်းပလား. . (ရှင်းပါပြီ ဘုရား)။

ဒါဖြင့် ခင်ဗျားတို့ ခဲလေသမျှ သဲရေကျဆိုတာ ဒါမျိုးကို ဆိုတာ (မှန်ပါ့) မဆိုထိုက်ဘူးလား (ဆိုထိုက်ပါတယ်ဘုရား) ခန္ဓာငါးပါးကလဲ ဘာတရားတဲ့ (အနတ္တပါဘုရား) သူ့အားကိုးနေတဲ့ တိုက်တာ၊ ရွှေ၊ ငွေ၊ ကျောက်သံပတ္တမြားတွေကကော (အနတ္တပါဘုရား)။

ဒါဖြင့် ဒကာ ဒကာမတို့ သူတို့နှစ်ခုကလဲ အနတ္တချည့်ပဲ ဆိုပြီးသကာလနေသဖြင့်တဲ့၊ ဘုန်းကြီးတို့ ဒကာ ဒကာမတွေက ဘယ်နည်းနဲ့မှ ရှာထားတဲ့ပစ္စည်းကလဲ ရှာကျိုးနပ်မှာမဟုတ်ဘူး (မှန်ပါ့) အားကိုးချင်တဲ့ တရားကလဲ ကိုးရမှာ မဟုတ်ဘူး. . . (မှန်ပါ့)။

## ရှာထားတဲ့ပစ္စည်းကလည်းအနတ္တာ

ရှာထားတဲ့ပစ္စည်းကလည်း (အနတ္တပါဘုရား) ရှာကျိုးနပ်မယ် မဟုတ်ဘူး၊ သဘောကျပလား (မှန်ပါ့) အားကိုးရမည့် ပစ္စည်းကကော (အားကိုးရမယ်မဟုတ်ပါဘုရား)။

သူဟာ အားကိုးစရာရယ်လို့ ဒီကိုသွားပြီး အားကိုးမယ်၊ ကိုးပင် ကိုးပြောသော်လဲ သူက အရင်ပြုတ်ချင်ပြုတ်သွားမယ် (မှန်ပါ့) မပြုတ်နိုင်ပေဘူးလား. . (ပြုတ်နိုင်ပါတယ်ဘုရား)။

ဒါဖြင့် ရှာထားတဲ့ပစ္စည်းကလဲ အနတ္တ၊ အားကိုးရမည့် ပစ္စည်းကကော (အနတ္တပါဘုရား) အနတ္တ အနတ္တချင်းဆိုတဲ့ ဥစ္စာ ဒကာ ဒကာမတို့ဘယ်သူ့ကို ဘယ်သူမှ မကယ်နိုင်ဘူးမှတ် ပါ. . . (မှန်ပါ့)။

ဘယ်လို ဆုံးဖြတ်ချက်ချမတုံး (အနတ္တ အနတ္တချင်း ဘယ်သူမှ ဘယ်သူ မကယ်နိုင်ပါဘုရား)။

ကောင်းပြီ. . . ဒါဖြင့် ပင်လယ်ထဲ ရေနစ်တဲ့လူနှစ် ယောက်သည်ကားလို့ဆိုရင်၊ ဘယ်သူမှ ကိုင်တွယ်စရာ မရှိလို့ရှိ ရင်ဖြင့် နှစ်ယောက်အားကိုး နှစ်ယောက်မြုပ်မှာပဲ (မှန်ပါ့ဘုရား) တစ်ယောက်စီနေလဲ မြုပ်မှာပဲ (မှန်ပါ့) နှစ်ယောက်ဖက်လိုက် ပြန်လို့ရှိရင်လဲ (မြုပ်မှာပါပဲဘုရား) ရှင်းပလား. . . (ရှင်းပါပြီ ဘုရား) ဩော်. . ခင်ဗျားတို့ကလဲ သံသရာခရီးပင်လယ်ကြီးထဲ မှာမျောနေတော့ ဒါက ပစ္စည်း၊ ဒါက ခန္ဓာ (မှန်ပါ့) ဒါနဲ့ ဒါအား ကိုးလဲ နှစ်ယောက်စလုံး အားမကိုးရမှာ၊ အားကိုးတဲ့အတွက် အပါယ်လေးပါး (မြုပ်ပါတယ်ဘုရား) သဘောကျပလား (ကျပါပြီဘုရား) ဒါ အားကိုးလွဲလို့ပေါ့ဗျာ. . . (မှန်ပါ့)။

## နှစ်ယောက်ရေနစ်နေတာ

ဒကာ ဒကာမတွေဉာဏ်နဲ့ ဂရုစိုက်ပြီး နားထောင်စမ်း ပါ၊ ခင်ဗျားတို့ကဖြင့် အားကိုးရမယ်လို့ထင်ပြီး သကာလတောင်

ငွေးထောက်ရှာ၊ မျက်မှန်စွပ်ရှာပဲ ဦးဘအုန်းရ (မှန်ပါ့) မရှာကြဘူးလား (ရှာပါတယ်ဘုရား) ဦးဘတင်တို့ မရှာကြဘူးလား (ရှာပါတယ်ဘုရား) တကယ်တော့ ဘယ့်နှယ်တုံး (အားကိုးမရပါဘုရား) အားကိုးချင်တဲ့တရားကလဲ ဘာပါလိမ့် (အနတ္တပါဘုရား) အားကိုးခံချင်တဲ့တရားကလဲ ဘာပါလိမ့် (အနတ္တပါဘုရား) ဟာ. . ဒါဖြင့် ပင်လယ်ထဲ နှစ်ယောက် ရေနစ်နေတာပါကလား. . (မှန်ပါ့)။

ဘာဖြစ်နေသတုံး (ပင်လယ်ထဲမှာ နှစ်ယောက် ရေနစ်နေပါတယ်ဘုရား) ဒီအတိုင်းခွဲထားလဲ တစ်နေ့ကျတော့ မြုပ်ကြမှာပဲ. . . (မှန်ပါ့)။

ဟာ. . သူ့ကို ငါအားကိုးမယ်လို့၊ ငါ့ကိုသူအားကိုးမယ်ဆိုလဲ နှစ်ယောက်စလုံးမြုပ်မှာပဲ (မြုပ်မှာပါဘုရား) သဘောကျပလား. . . (ကျပါပြီဘုရား)။

ဒါဖြင့် ခင်ဗျားတို့ ဒီအဖြစ်ကြုံရတာ နှစ်ခုဟာ တစ်ခုမှ အားကိုးမခံနိုင်တာလဲ သေချာတယ် (မှန်ပါ့) နှစ်ခုပေါင်းပြီး သကာလ လုံးကြဦးမယ်၊ ဆက်ကြဦးမယ်၊ ပူးကြဦးမယ်၊ ကပ်ပြီးအားကိုးကြဦးမယ်ဆိုလည်း နှစ်ခုစလုံးမြုပ်မှာပဲ (မှန်ပါ့) မမြုပ်ပေဘူးလား (မြုပ်ပါတယ်ဘုရား) သဘောပါပလား. . . (ပါ, ပါပြီဘုရား)။

ဒါဖြင့် ခင်ဗျားတို့နေ့တိုင်း ဘာလုပ်ကြသတုံး မေးရင်ဖြင့် အားကိုးရာတယ် ဖြေကြမှာပဲ၊ မဟုတ်ဘူးလား (မှန်ပါ့ဘုရား) ညစာရှာတဲ့ဥစ္စာ ညစာအားကိုးနေ့စာရှာတဲ့ ပုဂ္ဂိုလ်က. . (နေ့စာ အားကိုးပါတယ်ဘုရား) လစာရှာတဲ့ပုဂ္ဂိုလ်က. . . (လစာအား ကိုးပါတယ်ဘုရား) နှစ်, စာရှာတဲ့ပုဂ္ဂိုလ်က (နှစ်, စာအားကိုးပါ တယ်ဘုရား) အိုစာမင်းစာရှာတဲ့ ပုဂ္ဂိုလ်က. . (အိုစာမင်းစာ အားကိုးဖို့ပါဘုရား)။

အရှာမလွတ်တဲ့ ပုဂ္ဂိုလ်များ ဒီအထဲမှာ ပါသေးသလား . . (မပါ,ပါဘုရား) မပါတော့ ဘယ်သူက ဘယ်သူ့အားကိုးနေ ပါလိမ့် (အနတ္တက အနတ္တကို အားကိုးနေပါတယ်ဘုရား)။

ဒါဖြင့် ကျုပ်တို့လုပ်တဲ့အလုပ်ဟာ အနတ္တဆိုတာ ဘယ် သူမှ မပိုင်ဆိုင်တဲ့တရား၊ အားကိုးမခံနိုင်တဲ့တရား. . (မှန်ပါ့) ဒီဘက်ကလဲ အနတ္တဆိုတော့ ဘယ်သူမှ မပိုင်တဲ့တရား၊ အား ကိုးမခံနိုင်တဲ့တရား. . (မှန်ပါ့) ပေါ်ကြပလား. . (ပေါ်ပါပြီ ဘုရား)။

အဲဒါကို အရမ်းအားကိုးနေတာ. . (မှန်ပါ့) အရမ်း အားကိုးတော့ အရမ်းပင်ပန်းနေတာပေါ့. . (မှန်ပါ့) ဘယ့်နှယ် ဆိုကြမလဲ. . (အရမ်းအားကိုးနေလို့ အရမ်းပင်ပန်း နေတာပါ ဘုရား) အရမ်းပင်ပန်းပြီးသကာလ အရမ်းမြုပ်တာပဲ. . . (မှန်ပါ့ဘုရား) သဘောကျပလား. . (ကျပါပြီဘုရား) မမြုပ် ဘူးလား. . . (မြုပ်ပါတယ်ဘုရား)။

ပင်လယ်ထဲ ရေနစ်နေတာလေ နှစ်ယောက်စလုံး. . (မှန်ပါ့) ဒါကလဲ တစ်ယောက် (မှန်ပါ့) ဒါကလည်း တစ်ယောက် (မှန်ပါ့) ဒါကလည်း အနတ္တအဖြစ်နဲ့ မြုပ်ရ, မျောရမှာပဲ. . . (မှန်ပါ့) ဒီဟာကော. . (မြုပ်ရ မျောရမှာ ပါပဲဘုရား)။

## အားကိုးပြင်ကြမှကောင်းမယ်

ဟာ ဒါဖြင့် သူ့ကိုငါအားကိုးပါ့မယ်၊ ငါ့ကို သူ အားကိုးပါ့မယ်လို့ ပေါင်းလိုက်လို့ရှိရင် ရေနစ်နေတဲ့ပုဂ္ဂိုလ် ကယ်မည့်သူ မရှိဘဲ နှစ်ယောက်ပေါင်းပြီး မြုပ်ရုံပဲ. . (မှန်ပါ့ဘုရား) ဒီအတိုင်း မနေဘူးလား. . (နေပါတယ်ဘုရား) ဒါဖြင့် အားကိုးပြင်ကြဦးမှ ကောင်းမယ်ထင်တယ်. . (မှန်ပါ့)။

ဘာဖြစ်လို့ပါလိမ့်. . (အားကိုးပြင်ဖို့ပါဘုရား) အခုအားကိုးလာတာကဖြင့်. . . (အားကိုးလွဲပါတယ်) ကြည့်လေ. . ဒကာ ဒကာမတွေ အိမ်ထောင်ကျကြတယ် ဆိုကတည်းက အားကိုးကြပြီ၊ မိန်းမလုပ်တဲ့ပုဂ္ဂိုလ်ကလည်း ယောကျ်ားကို အားကိုးတယ်၊ ယောကျ်ားလုပ်တဲ့ ပုဂ္ဂိုလ်ကလည်း မိန်းမကို အားကိုးတယ်. . . (မှန်ပါ့ဘုရား) နောက် သားသမီးတွေ ထွန်းကားလာပြန်တော့ ဆိုင်ရာဆိုင်ရာ အားမကိုးကြဘူးလား (အားကိုးပါတယ်ဘုရား)။

ဖအေက သားကို၊ မအေက သမီးအားကိုးနဲ့ ရှုပ်မလာကြဘူး လား. . (ရှုပ်ပါတယ်ဘုရား) ဒီဥစ္စာ ခင်ဗျားတို့အားကိုး အစဉ် အဆက်ကြီးကဖြင့် အလွဲချည့်ပါဗျာ. . (မှန်ပါ့)။

ဦးဇင်းရင် ဘယ့်နှယ်ဆိုမလဲ. . (အားကိုး အစဉ်အဆက်က လွဲပါတယ်) အလွဲပြပြန်တော့လဲ ခင်ဗျားတို့ကလဲ ဟိုကလွဲကြောင်းသက်သေခံ လုံလောက်အောင်ပြလိုက် ပြန်တော့လဲ မျက်ရည်ကျတယ်. . (မှန်ပါ့)။

လွဲကြောင်းကို သက်သေခံလုံလောက်အောင်ပြပြန်တော့လဲ ဘာဖြစ်တုံး. . (မျက်ရည်ကျပါတယ်ဘုရား) ခက်လိုက်တာနဂိုကလဲ အလွဲလုပ်သေးတယ်၊ လွဲတဲ့အကြောင်းကို သက်သေငုပ်သေးတယ်၊ လွဲတဲ့အကြောင်းကို သက်သေခံလုံလောက်အောင် တစ်ယောက်ယောက်က ပျက်စီးပြီးပြလိုက်ပြန်တော့လဲ မျက်ရည်ကျတယ်. . . (မှန်ပါ့)။

နဂိုကတော့လဲ ဘာလုပ်ထားသတုံး. . . (အလွဲလုပ်ထားပါတယ်ဘုရား) အလွဲဟာ အလွဲအတိုင်း အမှန်ပေါ်လာတော့လဲ ဘယ့်နှယ်ဖြစ်နေသလဲ. . (မျက်ရည်ကျပါတယ်ဘုရား)။

ဒါဖြင့် ခင်ဗျားတို့က အမှန်ပြရင် မျက်ရည်ကျတယ်. . (မှန်ပါ့) အလွဲပြပြန်တော့လဲ ခင်ဗျားတို့က အလုပ်လုပ်တယ်၊ လုပ်တာကလဲအလွဲ၊ အမှန်ပြတော့ မျက်ရည်ကျ ဆိုတော့ တော်တော်ခက်နေပြီ. . (ခက်ပါတယ်ဘုရား)။

ဦးဘအုန်းရေ ဘယ့်နှယ်ဆိုကြမလဲ. . (တော်တော် ခက်ပါ့ပြီဘုရား) အားကိုးတာကလဲ အလွဲ၊ ဟို, အားမကိုး ကောင်းအမှန်ပြလိုက်တော့လဲ ဘယ့်နှယ်ဖြစ် နေသလဲ. . . (မျက်ရည်ကျပါတယ်ဘုရား)။

ဒီမျက်ရည်ဟာ ခင်ဗျားတို့ အမှန်မျက်ရည်လား၊ အမှား မျက်ရည်လား. . (အမှားမျက်ရည်ပါဘုရား) ဘာဖြစ်လို့ ကျရ တာတုံး. . . (အမှန်ပြလို့ပါဘုရား) သဘောကျပလား. . (ကျပါပြီဘုရား) မင်းအားမကိုးကောင်းတဲ့တရားကို အမှန် ပြလိုက်ပါရော နဂိုက အားကိုးထားတော့ အမှားလုပ်ထား ပြန်တော့ အမှန်ပြရင်မျက်ရည်ကျတယ်. . (မှန်ပါ့)။

## ဘုရားပွင့်လာရင်ရန်ဖြစ်သလိုနေမှာ

ဒါဖြင့် ဘုရားပွင့်လာရင် ရန်ဖြစ်သလိုနေမှာပဲ ခင်ဗျား တို့ (မှန်ပါ့) ဘယ့်နှယ်ဆိုကြမလဲ. . (ဘုရားပွင့်လာရင် ရန်ဖြစ် သလိုနေမှာပါဘုရား) မဖြစ်ပေဘူးလား ဖြစ်မလား. . (ဖြစ်သလို နေမှာပါဘုရား)။

ဒကာမ ဒကာမတွေ ဒီဥစ္စာရမ်းပြောတဲ့စကားလား၊ ဖြစ်စဉ်ကိုက်လား၊ သေသေချာချာ စဉ်းစားပါ. . . (ဖြစ်စဉ် ကိုက်ပါဘုရား)။

နဂိုတုန်းကဒီဉစ္စာနဲ့ ဒီဥစ္စာ အားကိုးတုန်းက မှန်သလား မှားသလား. . (မှားပါတယ်ဘုရား) ဘာဖြစ်လို့ မှားသတုံး. . (အနတ္တတရားမို့ မှားပါတယ်ဘုရား) အနတ္တ အနတ္တချင်း ဖြစ်နေတော့ အားကိုးခံနိုင်တဲ့တရားလား၊ မခံနိုင်တဲ့ တရားလား (မခံနိုင်တဲ့တရားပါဘုရား)။

အနတ္တဆိုတာ ကိုးစားစရာ အားထားစရာမရှိဘူး. . (မှန်ပါ့) သဘောကျပလား. . (ကျပါပြီဘုရား) အဲဒါ ကိုးစားစရာ၊ အားထားစရာမရှိလို့ အနတ္တလဲ ဟောပါရော တစ်ခုခုက ပေါ့လေ. . ခန္ဓာကရင်လဲဟော၊ ပစ္စည်းရင်လဲဟော၊ ဟောလိုက်ရင် ခင်ဗျားတို့ ဘာဖြစ်သတုံး. . (မျက်ရည်ကျပါတယ်ဘုရား)။

ခက်တယ်ဒီဉစ္စာနော်. . (မှန်ပါ့) ဒကာ ဒကာမတို့ သဘောပါကြရဲ့လား. . (ပါ, ပါတယ်ဘုရား) အနတ္တပြလိုက်တော့ ဘာဖြစ်သတုံး. . (မျက်ရည်ကျပါတယ်ဘုရား) နဂိုက ဘာကို အားကိုးထားသတုံး. . . (အနတ္တကိုအားကိုးထားပါတယ် ဘုရား)။

အနတ္တကို အားကိုးတာက ဘယ့်နှယ်ထင်သတုံး. . (အတ္တလို့ ထင်ပြီးအားကိုးပါတယ်) . . . (မှန်ပါ့) သဘောကျပလား. . . (ကျပါပြီ ဘုရား)။

အားကိုးတုန်းက ဘယ့်နှယ်ထင်သတုံး. . (အတ္တလို့ ထင်ပြီး အားကိုးပါတယ်) အတ္တလို့ထင်ပြီး အရှုး အားကိုး

ထားတယ်၊ အရှုးသဘောနဲ့ အားကိုးထားတယ်။ ရှင်းပလား. . (ရှင်းပါပြီဘုရား)။

ဒါဖြင့် နဂိုတုန်းက အားကိုးတာက အရှုးသဘော (မှန်ပ့ါ) အမှန်ပြလိုက်လို့ ရှိရင်လဲ ဘယ့်နှယ့်တုံး (မျက်ရည်ကျပါတယ်) မျက်ရည်ကျလာတယ် ဆိုသဖြင့် ဦးဘအုန်းရေ. . အမှန်ပောလို့ ဒီဒကာ ဒကာမတွေရမှာ မဟုတ်ပါဘူး၊ ရပ့ါမလား. . (ရနိုင်စရာ မရှိပါဘုရား) အမှန်ပောရင် ဘယ့်နှယ်တုံး. . (မျက်ရည်ကျပါတယ်) မျက်ရည်ကျတယ် ခင်ဗျားတို့. . (မှန်ပ့ါ) သဘောကျပလား (ကျပါပြီဘုရား)။

အဲဒီတော့ ကိုယ့်မျက်လုံးဟာ ပင်ကိုယ်မျက်လုံးဟာက တိမ်သလ္လာ ဖုံးတော့တယ်ဆိုတဲ့ ဥစ္စာကတော့ဖြင့် ရှင်းနေပြီ (မှန်ပ့ါ) မရှင်းသေးဘူးလား. . (ရှင်းပါပြီဘုရား) တိမ်သလ္လာ ဖုံးတယ်ဆိုတာ ငြင်းစရာလိုသေးသလား. . (မလိုပါဘုရား)။

အဲဒါကြောင့် ယနေ့ည တရားမှာ ဒကာ ဒကာမတွေ ခင်ဗျားတို့ လုပ်သရွေ့ အားကိုးသရွေ့ဟာဖြင့် ခင်ဗျားတို့ကို နှိပ်စက်ဖို့ အားကိုးတာပဲ (မှန်ပ့ါ) သတ္တုချလိုက်ပြီ. . (မှန်ပ့ါ)။

## ဒုက္ခရောက်ဖို့အားကိုးကြတာ

ခင်ဗျားတို့ အားကိုးလေသရွေ့ဟာ ခင်ဗျားတို့ကို နှိပ်စက်ဖို့ ခင်ဗျားတို့ ဒုက္ခရောက်ဖို့ ခင်ဗျားတို့ အားကိုးကြတာပဲ (မှန်ပ့ါ) ဆိုထိုက်, မဆိုထိုက်. . (ဆိုထိုက်ပါတယ်ဘုရား)။

ခင်ဗျားတို့ အားကိုးတာသည် ခန္ဓာအားကိုးလဲ ခင်ဗျားတို့ ဒုက္ခရောက်ဖို့ပဲ (မှန်ပါ့) ပစ္စည်းအားကိုးလဲ (ဒုက္ခရောက်ဖို့ပါဘုရား) ရှင်းပလား. . (ရှင်းပါပြီဘုရား)။

ဘာဖြစ်လို့ ဒုက္ခရောက်ဖို့လို့ နှစ်ခုပြောရတုံး၊ ခန္ဓာကလဲ အနတ္တဖောက်ပြန်ပျက်စီးမှာပဲ (မှန်ပါ့) အားကိုးထားတဲ့ ပစ္စည်းကလဲ (အနတ္တပါ) ဘယ်မှာ လမ်းဆုံးမှာတုံး (ပျက်စီးမှုမှာ လမ်းဆုံးမှာပါ) ဖောက်ပြန်ပျက်စီးမှုမှာ လမ်းမဆုံးပေဘူးလား (ဆုံးပါတယ်ဘုရား)။

အဲဒါ ခင်ဗျားတို့သည် စောစောစီးစီးကိုက အားကိုးထားလို့ရှိရင် မျက်ရည်ကျစရာ ရှာထားတာနဲ့အတူတူပဲ. . . (မှန်ပါ့) အခုနေ့တိုင်း ရှာနေကြတာ ဘာတွေရှာနေကြတာတုံး . . . (မျက်ရည်ကျစရာ ရှာပါတယ်ဘုရား)။

ဟာ. . . ဒကာဒကာမတွေ ဆရာသမားကောင်းကိုးကွယ်နေတယ်၊ တပည့်တော် နေ့တိုင်း မျက်ရည်ကျစရာရှာနေတယ်ဆိုတာတော့ မကောင်းဘူးထင်တယ်. . . (မှန်ပါ့) စဉ်းစားပါဦး၊ စဉ်းစားပါဦး၊ ပြန်ပြောကြစမ်းပါဦး၊ ပြန်ပြောကြစမ်းပါဦး၊ ဦးဘတင် ဒါပြင်ပြောဦးမှ ကောင်းမယ်ဗျ. . . (မှန်ပါ့)။

နေ့တိုင်းအားကိုးရှာထားကြတော့ကို အားကိုးခံမည့်တရားလား, မခံမည့်တရားလား. . . (အားကိုးမခံမည့် တရားပါ

ဘုရား) မခံမည့်တရားဆိုလို့ရှိရင်ဖြင့် အားကိုးလဲမခံဘူး၊ ခင်ဗျား တို့လဲမျက်ရည်ကျမှာပဲ. . . (မှန်ပါ့)။

## နေ့တိုင်းရှာနေတာဘာတုံး

ဒါဖြင့် နေ့တိုင်း ရှာနေတဲ့တရားဟာ ဘာရှာတာတုံး . . . လို့မေးရင်ဖြင့်. . . (မျက်ရည်ကျစရာရှာတာပါ) အခု အမှန် သိလာကြပြီ. . . (မှန်ပါ့) ဒါဟာ အမှန်သိလာတာ . . . (မှန်ပါ့) သဘောပါကြရဲ့လား. . . (ပါ,ပါတယ်ဘုရား)။

နေ့တိုင်း ရှာဖွေနေကြတာ. . . (မျက်ရည်ကျဖို့ပါ) နေ့တိုင်းခင်မင်နေကြတာ. . . (မျက်ရည်ကျဖို့ပါ) ဦးဝရေ. . . တော်တော်ခက်နေပါကလား၊ သဘောပါကြရဲ့လား (ပါ, ပါတယ်ဘုရား) ကိုယ့်အမြင်နဲ့တော့မကြည့်နဲ့၊ ဒီက နဂိုဟော ထားတဲ့ အမြင်ကိုမှတ်ပြီး ကြည့်မှနော်. . . (မှန်ပါ့)။

ကိုင်း. . ဒါဖြင့် ဒကာ ဒကာမတို့ နေ့တိုင်းရှာဖွေနေကြ တဲ့အလုပ်သည် ဘာလုပ်ဖို့တုံးလို့ မေးလို့ရှိရင် အမှန်စင်စစ် ဧကန် ပြောပရစေဆိုလို့ရှိရင် မျက်ရည်ကျဖို့ရှာတာပဲ. . . (မှန်ပါ့)။

သောက, ပရိဒေဝ, ဒုက္ခ, ဒေါမနဿဖြစ်ဖို့ရှာကြတာပဲ (မှန်ပါ့) ဒီဟာတွေပျောက်မည့် ပစ္စည်းမှ ဟုတ်ပါရဲ့လား. . . (ဟုတ်ပါတယ်ဘုရား) စွန့်ပစ်ရမည့်ပစ္စည်းမှ ဟုတ်ပါရဲ့လား. . (ဟုတ်ပါတယ်ဘုရား)။

အဲဒီတော့ စွန့်ရတဲ့အချိန်ကျတော့ ဘယ့်နှယ်နေသတုံး . . (မျက်ရည်ကျပါတယ်) သြော် ဒါဖြင့် တပည့်တော်တို့များများ ရှာမှမျက်ရည်များများ ကျရမှာပါဘုရား့၊ ဒါကြောင့် ကြိုးစားနေရတယ်. . (မှန်ပါ့) သဘောပါပလား. . (ပါ,ပါပြီဘုရား)။

ဟာ. . ဘုန်းကြီးကလည်း တကယ်ရက်ရက်စက်စက် ပြောနေတာလို့အောက်မေ့မနေနဲ့၊ ခင်ဗျားတို့မျက်ရည်တားချင်လို့ ဒီဇာတ်ခင်းတာ. . (မှန်ပါ့) ရိပ်မိပလား. (ရိပ်မိပါပြီဘုရား)။

တော်တော်ကြာ ခင်ဗျားတို့ လူပုံအလယ်မှာ အရှက်တကွဲအကျိုးနည်းဖြစ်နေမှာစိုးလို့ ဒီစကားကို ဒီနေ့ကစပြီးသင်တာ ဦးဘအုန်းရ (မှန်ပါ့) မသင်ထိုက်ဘူးလား (သင်ထိုက်ပါတယ်ဘုရား)။

ဒါဖြင့် နေ့တိုင်းရှာဖွေနေကြတာ ဘာအတွက်ရှာဖွေကြပါလိမ့်. . (မျက်ရည်ကျချင်လို့ပါဘုရား) ယုံကော ယုံပလား. . (ယုံပါပြီ) ဟိုအနတ္တကိုမြင်မှ နားလည်မှမျက်ရည်ကျဖို့ဆိုတာ သေချာတယ်. . (မှန်ပါ့)။

အနတ္တမမြင်တဲ့ ပုဂ္ဂိုလ်ကတော့ ဝမ်းသာဖို့ရှာတယ် ထင်နေတာ. . (မှန်ပါ့) အနတ္တမြင်တဲ့ ပုဂ္ဂိုလ်ကျတော့ ဘယ့်နှယ်ဆိုမလဲ (မျက်ရည်ကျဖို့ရှာတာပါ) မျက်ရည်ကျဖို့ရှာတယ်ဆိုတဲ့ ဥစ္စာက ဒီအရင် အနတ္တဖြစ်မယ်. . . (မှန်ပါ့) ခန္ဓာလာရင်လဲ အနတ္တဖြစ်မယ်၊ ပစ္စည်းလာရင်ကော (အနတ္တပါဘုရား) ဘယ့်

နှုယ်တုံး ဒကာ ဒကာမတို့ ဘယ့်နှယ်ဆိုကြမလဲ. . . (မျက်ရည်ကျဖို့ပါ) ရှင်းပလား. . (ရှင်းပါပြီဘုရား)။

## မျက်ရည်ကျဖို့ရှာဖွေနေတာ

ပစ္စည်းတွေ ထားပစ်ခဲ့ပြန်လည်း သူက ခန္ဓာက စွန့်သွားရတော့မယ်ဆိုတော့ ဒီပစ္စည်းတွေကို နှမြောတာနဲ့ မျက်ရည်ကျတယ် (မှန်ပ့ါ) သဘောကျပလား (မှန်ပ့ါ) ဒီပစ္စည်းတွေရန်သူ ငါးတန်နဲ့ဆက်ဆံပြီး ပျောက်ပျက်သွားပြန်တော့ကော (မျက်ရည်ကျပါတယ်) မသုံးမဖြုန်းလိုက်ရလို့ မျက်ရည်ကျတယ် (မှန်ပ့ါ) ရှာကျိုးမနပ်လို့ မျက်ရည်ကျတယ်. . . (မှန်ပ့ါ)။

ဒါဖြင့် နေ့တိုင်း ရှာဖွေနေတာ ဘာပါလိမ့်. . . (မျက်ရည်ကျဖို့ပါ) တချို့မြစ်ကူးရှာကြ၊ မြို့တွေတခြားမှာ သွားရှာကြ၊ ရန်ကုန်ကနေ မန္တလေးလာပြီးရှာ၊ မန္တလေးက ရန်ကုန်သွားရှာနဲ့ အမျိုးမျိုးအဖုံဖုံ ရှာကြဖွေကြတာများ ဘာလို့ ရှာကြတာပါလိမ့်. . . (မျက်ရည်ကျဖို့ ရှာတာပါ) သဘောပါပလား (ပါပါပြီဘုရား) သေသေချာချာစဉ်းစားပြီးနာနော် (မှန်ပ့ါ)။ သာမညနားနဲ့ဆိုလို့ရှိရင် ဒီဥစ္စာကို ဘုန်းကြီးကန့်လန့်ပြောနေတာနဲ့ တူလိုက်တာလို့ ဒကာဒကာမတွေ စွဲချက်တင်ချင်လဲတင်မယ်. . . (မှန်ပ့ါ) ကန့်လန့်ပြောတာလား မှန်လွန်းနေသလား (မှန်လွန်းနေပါတယ် ဘုရား)။

ဦးဇံရင် ဘယ့်နှယ်တုံး၊ ဘုန်းကြီးက ကန့်လန့်ပြောတာလား. . . (မဟုတ်ပါဘုရား မှန်လွန်းနေပါတယ်) မှန်လွန်းနေတာကလဲ ဘုန်းကြီးများက ဘုရားဟော တရားတော်ကို ယူပြောရတာ ဖြစ်နေသောကြောင့် ဦးဘတင် ဒီထက်လွဲပြီး မဟောနိုင်ဘူး. . . (မှန်ပါ့ဘုရား) မဟောနိုင်ပါဘူး၊ ခင်ဗျားတို့ သားသမီးနဲ့ ပစ္စည်းရှာကြတာ သည်ကားလို့ဆိုရင် ပူဖို့ ဆွေးဖို့ မျက်ရည်ကျဖို့ ရှာတာပါ. . . (မှန်ပါ့ဘုရား)။

သားသမီးနဲ့ ပစ္စည်းရှာတာပါတဲ့. . . (ပူဖို့ဆွေးဖို့ မျက်ရည်ကျဖို့ရှာတာပါ) နဂိုက တစ်ယောက်တည်းနေတော့ ပစ္စည်းမရှိလို့ ပစ္စည်းအတွက်လဲ မျက်ရည်ကျဖို့ မရှိဘူး. . . (မှန်ပါ့) သားသမီးအတွက်ကော(မျက်ရည်ကျဖို့ မရှိပါဘုရား) သဘောကျပလား. . . (ကျပါပြီဘုရား)။

ဒါဖြင့်သားရှာတာ ဘာလဲ သားကလေးမွေးချင်တယ်၊ သားကိုယ်ပိုင်မွေးစားချင်တယ် ဆိုတာကလဲ မျက်ရည်ကျချင်လို့. . . (မှန်ပါ့) ပစ္စည်းကလေးတွေ နေ့တိုင်လျှောက်ရှာနေကြတာကော. . . (မျက်ရည် ကျချင်လို့ပါဘုရား)။

မဟုတ်ဘူးဗျ၊ မျက်ရည်ကျခဲ့ရတာ ဘုရားက ဘယ်လောက်များပြီတဲ့တုံး. . . (မရေတွက် နိုင်ပါဘုရား) ထည့်ပါဦး၊ ထည့်ပါဦး သမုဒ္ဒရာ ရေလေးစင်းလောက် နောက်က မျက်ရည်ကျပြီးခဲ့ပြီတဲ့. . . (မှန်ပါ့) အခု ဘာတွေ

ရှာပြန်သတုံး (မျက်ရည်ကျစရာ ရှာပါတယ်) ဩော်. . . လေးစင်းလျှံအောင် လုပ်ဖို့ကျန်သေးထင်ပါရဲ့ (မှန်ပါ့) သဘောကျပလား. . . (ကျပါပြီဘုရား)။

## အားကိုးလွဲလို့မျက်ရည်ကျရတာ

ကိုင်း. . . ဒါဖြင့် ဒကာ ဒကာမတို့တဲ့ အဲဒီမျက်ရည်ကျလေသမျှ ဦးဘတင် သေသေချာချာမှတ်လိုက် အားကိုးလွဲလို့ ကျတာ. . . (မှန်ပါ့ဘုရား) အားလုံး သဘောပါကြပလား. . . (ပါပါပြီဘုရား)။

ဒါဖြင့် ဒကာ ဒကာမတို့ မျက်ရည်ဇာတ်သိမ်းချင်ရင်လည်း အားကိုးမှန်မှပေါ့. . . (မှန်ပါ့) အားကိုးမှန့်ရင်တော့ ဘာဖြစ်မတုံး. . . (မျက်ရည်ဇာတ်သိမ်းပါတယ်ဘုရား) ဒါဖြင့် မျက်ရည်များ နှမြောနေကြသလားလို့ မေးပါတယ်. . . (မနှမြောပါဘုရား)။

နှမြောလို့များ လက်ကိုင်ပဝါကလေးများနဲ့ဆွတ်ဆွတ်ပြီး သိမ်းထားထင်ပါရဲ့ ခင်ဗျားတို့၊ မျက်ရည်သုတ်တော့ လက်ကိုင်ပဝါကလေးနဲ့ မသုတ်ဘူးလား. . . (သုတ်ပါတယ်) အပြင်ဖက်ထွက်သွားမှာစိုးလို့ ဒီအထဲတွင် သိမ်းထားသလား၊ သဘောပါပလား. . . (ပါ့ပါပြီဘုရား)။

ဒါဖြင့် ဒကာ ဒကာမတို့ ကိုယ့်အလုပ် လွဲမှန်း ကောင်းကောင်း ပေါ်ပလား ယနေ့. . . (ပေါ်ပါပြီဘုရား) ဘယ်လိုပေါ်ပါလိမ့်. . . (အနတ္တတွေချည့် ရှာနေကြပါတယ်) အနတ္တတွေလျှောက်ပြီး ရှာနေတာ မျက်ရည်ကျဖို့ချည့်မှတ်ပါ. . . (မှန်ပါ့) သဘောကျပလား. . . (ကျပါပြီဘုရား)။

အနတ္တတွေ လျှောက်ရှာနေတာ (မျက်ရည်ကျဖို့ချည့်ပါ) နေ့တိုင်း ဘာတွေကြိုးစားကြသတုံး (မျက်ရည်ကျဖို့တွေကြိုးစားနေပါတယ် ဘုရား)။

ဦးဝရေ အသံကတော့ ကောင်းလာပြီဗျနော် (မှန်ပါ့) ဉာဏ်ကောရောက်ပလား (ရောက်ပါပြီဘုရား) ကဲ. . . ဒါဖြင့် ဒီလိုလုပ်ပါတော့ ဒကာဒကာမတို့၊ အားကိုးလွဲလို့ မျက်ရည်ကျလို့ရှိရင်ဖြင့် အားကိုးမှန်ရင် မျက်ရည်ကျစရာ မလိုတော့ဘူး (မလိုပါဘုရား) ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

ဒါဖြင့် သားသမီးနဲ့ ပစ္စည်းရှာတာသည် အားကိုးစရာအစစ်မဟုတ်လို့ မျက်ရည်ကျဖို့ ရှာတယ်လို့ မှတ်ကြပါ. . . (မှန်ပါ့ဘုရား)။

ဒါဖြင့် ပြင်ကြဦးတော့ ဦးဘအုန်း ဘယ့်နှယ်လုပ်ကြသတုံး (ပြင်ဖို့ကောင်းပါပြီဘုရား) ဦးဇံရင်တို့ ပြင်ရမနော်၊ မပြင်ရင် တော်ပ့ါမလား. . . (မတော်ပါဘုရား)။

မပြင်ရင် ခင်ဗျားတို့ သမုဒ္ဒရာ ရေလျှံလို့ သေတဲ့အထဲ ခင်ဗျားတို့ ပါဝင်သွားလိမ့်မယ် (မှန်ပါ့) မပါပေဘူးလား. . . (ပါ, ပါတယ်ဘုရား)။

နဂိုက ငိုခဲ့ရတာက ဘယ်လောက်တဲ့ (သမုဒ္ဒရာရေ လေးစင်းပါဘုရား) အခု နောက်ထပ်ရှာတော့ ဘာလုပ်ချင်သေး သတုံး (လျှံအောင်လုပ်မှာပါ) လျှံဖို့ကျန်သေးတယ်ဆိုတော့ သမုဒ္ဒရာကလည်း ဘယ်တော့မှ မလျှံဘူးတဲ့ဗျ. . . (မှန်ပါ့)။

ခင်ဗျားတို့ မျက်ရည်ထည့်ချင်သလောက်ထည့်၊ အဲဒီတော့ လျှံဖို့ရာသာ အားထုတ်မယ်ဆိုရင်၊ သူကလည်း လျှံနိုင်တဲ့အမျိုးက မဟုတ်တော့၊ ခင်ဗျားတို့သာလျှင် သံသရာရှည်ဖို့ ရှိတယ် (မှန်ပါ့) နေရာကျကြပလား. . . (ကျပါပြီဘုရား)။

ဩော်. . . ဒါဖြင့် သမုဒ္ဒရာလေးစင်းရေ ဘယ်လောက် မျက်ရည်တွေများခဲ့ရတဲ့အဖြစ်ဟာ ဘုန်းကြီးတို့ ဒကာ ဒကာမတွေ အားကိုးလွဲခဲ့ကြလို့ (မှန်ပါ့) သတ္တုချပါတော့ဗျာ (မှန်ပါ့) မချနိုင်ဘူးလား (ချနိုင်ပါတယ်ဘုရား) ဘယ်လိုချပ့်မယ်. . . (အားကိုးလွဲလို့ပါဘုရား)။

အားကိုးလွဲခဲ့တဲ့အတွက် မျက်ရည်ပေါင်း ဘယ်လောက်များခဲ့သတုံး (သမုဒ္ဒရာရေ လေးစင်းလောက်ပါဘုရား) မျက်လုံးပေါင်း ဘယ်လောက်သူများကို ကျွေးခဲ့ မွေးခဲ့ရတာနဲ့၊ သူများပါးစပ်ထဲ စားဖတ်ပါးဖတ်ဖြစ်ပြီး၊ ကိုယ့်မျက်လုံးတွေဟာ

ကောင်းကင်ကြယ်တွေကပဲ နည်းသေးသတဲ့ (မှန်ပါ့) ဒါ အားကိုးလွဲခဲ့လို့ သေခဲ့ ကြေခဲ့ရတာ (မှန်ပါ့) သဘောကျ ပလား. . . (ကျပါပြီဘုရား)။

ဒါဖြင့် ဒကာ ဒကာမတွေ အခုအချိန်မှ မပြင်တော့ပါ ဘူးဆိုလို့ရှိရင် ခင်ဗျားတို့ထက် ဆိုးရွားတာ၊ ခင်ဗျားတို့ထက် ဒုက္ခရောက်စရာရှိတာ ရှာလို့မတွေ့ဘူး (မှန်ပါ့) တွေ့ပါဦးမလား (မတွေ့ပါဘုရား) သဘောပါပလား. . . (ပါပါပြီဘုရား)။

ဒါဖြင့် ဒကာဒကာမတို့ ဘယ်သူမှတုမနေနဲ့၊ အားကိုး မှန်တဲ့ဥစ္စာ အမြန်လိုက်ကြစို့ (မှန်ပါ့) အားကိုးမှန်ရှာတာကို အမြန်လိုက်ပါတော့ဆိုတော့ ဘုရားက. . .

**"အတ္တဒီပါ ဝိဟာရထ၊ အတ္တသရဏာ အနည**
**သရဏာ၊ ဓမ္မဒီပါ ဓမ္မသရဏာ အနညသရဏာ"** တဲ့။

## တရားကိုသာအားကိုးကြပါ

တရားကိုသာ အားကိုးကြတော့ဟေ့တဲ့. . . (မှန်ပါ့) သဘောကျပလား. . . (ကျပါပြီဘုရား)။

ဘယ်တရားတုံးဆိုတော့ သတိပဋ္ဌာန်လေးပါး အားထုတ်တဲ့ မဂ္ဂင်တရားတဲ့၊ ပေါ်လာကြပလား (ပေါ်လာပါပြီ ဘုရား) ဒါဖြင့် သတိပဋ္ဌာန်လေးပါးကို ဖြစ်ပျက်အားထုတ်တဲ့ မဂ္ဂင်ပေါ့ဗျာ (မှန်ပါ့) ဘာအားကိုးရမလဲ (မဂ္ဂင်အားကိုးရပါမယ်)

မဂ္ဂင်အားကိုးလို့ရှိရင် မဂ္ဂင်က နိဗ္ဗာန်ပို့တော့ ငိုစရာ ရှိသေးရဲ့လား (မရှိပါဘုရား) မျက်ရည်ကျစရာကော. . . (မရှိပါဘုရား)

ဒါဖြင့် ဒကာ ဒကာမတွေ အခုအားကိုးတာကဖြင့် မျက်ရည်ကျဖို့ပဲ (မှန်ပါ့) ဘုရားဟောတော်မူတဲ့အတိုင်း ဘုန်းကြီးပြောတဲ့ဆီကို အားကိုးကြလို့ရှိရင်ဖြင့် ဝိပဿနာ အလုပ်ကို လုပ်လို့ရှိရင် မျက်ရည်သိမ်းဖို့ (မှန်ပါ့) ရှင်းပလား. . (ရှင်းပါပြီဘုရား)။

ဝိပဿနာမဂ် အလုပ်လုပ်ရင် (မျက်ရည် သိမ်းဖို့ပါဘုရား)။

နေ့တိုင်း စီးပွားရေးကြိုးစား သားရေး၊ သမီးရေးကိစ္စနဲ့သာ အချိန်ကုန်ကြလို့ရှိရင်ဖြင့် ဘယ့်နှယ်ဆိုပါ့မလဲ (မျက်ရည်ကျဖို့ပါဘုရား) ဒါဖြင့် ဘယ်ဟာကြိုက်သတုံး. . . (မျက်ရည်သိမ်းဖို့ ကြိုက်ပါတယ်ဘုရား)။

## နိမိတ်မကောင်းရင် မဂ္ဂင်အလုပ်ကိုလုပ်ပါ

မျက်ရည်အကြောင်းမပြောစမ်းပါနဲ့ဘုရား နိမိတ်မကောင်းပါဘူး။ နိမိတ်မကောင်းရင် မဂ္ဂင်လုပ်ပါ။ ရှုပ်မနေနဲ့ ခင်ဗျားတို့ ဘာတွေ ညာတွေကို (မှန်ပါ့) ရိပ်မိပလား. . . (ရိပ်မိပါပြီ ဘုရား)။

စောစောစီးစီး မျက်ရည်သံများ ဟိုဘက်အိမ်က ငိုလည်းမကြားချင်ဘူး၊ ဒီဘက်အိမ်က ကလေးငိုလည်း မကြားချင်ဘူး၊ ဟိုအိမ်ကနေပြီး ရန်ဖြစ်ပြီး တစ်ယောက်နဲ့တစ်ယောက် ငိုနေကြရင်ကော. . . (မကြားချင်ပါဘုရား)။

ဘာဖြစ်လို့မကြားချင်တာလည်း နိမိတ်မကောင်းလို့တဲ့ (မှန်ပ့ါ) နိမိတ်သာမကောင်းတယ် ကိုယ်တိုင် မျက်ရည်ကျဖို့ လုပ်နေတာကတော့ သာပြီးအရုပ်ဆိုးတယ် (မှန်ပ့ါ) မဆိုးဘူးလား. . . (ဆိုးပါတယ်ဘုရား)။

ကိုယ်တိုင် မျက်ရည်ကျဖို့ အလုပ်ကို မလုပ်ကြဘူးလား (လုပ်ပါတယ်) သားကိုခင်တယ်ဆိုရင်ဖြင့် သားကြောင့် ငိုချင်လို့ (မှန်ပ့ါ) သမီးခင်ရင် (သမီးကြောင့် ငိုချင်လို့ပါဘုရား)။

ပစ္စည်းရှာရင် (ပစ္စည်းကြောင့် ငိုချင်လို့ပါ) ပစ္စည်းဆုံးရှုံးသွားရင် ငိုမှာပဲ (မှန်ပ့ါ) ပစ္စည်း ပျောက်သွားရင်ကော (ငိုမှာပါဘုရား) သဘောကျပလား. . . (ကျပါပြီဘုရား)။

ဒါဖြင့် သူများမျက်ရည်ကျတာတော့မကြိုက်ဘူး၊ ကိုယ်တိုင်ကျချင်သလား မေးဖို့လိုလာတယ် (မှန်ပ့ါ) မလိုဘူးလား (လိုပါတယ်ဘုရား) ကဲ. . . ဒါလောက် စကားတွေ လှည့်လှည့်ပတ်ပတ်ပြောပြောပြီးသကာလ နေရတာ ဦးဘတင် ဒကာဒကာမတွေ ထူလွန်းလို့ (မှန်ပ့ါ) မထူဘူးလား. . . (ထူပါတယ်ဘုရား)။

ထူတာက နက်ဖြန်မိုးလင်းရင် စပြီးထူပြီဗျ၊ မထူပေဘူးလား (ထူပါတယ်ဘုရား) စီးပွားရှာထွက်ကြတော့မယ်ဟုတ်လား. . . မထွက်ပေဘူးလား ထွက်မလား. . . (ထွက်မှာပါဘုရား)။

ဘာရှာပြန်တာတုံး၊ ဒါဟာ (မျက်ရည်ကျဖို့ပါ) မျက်ရည်ကျဖို့ ရှာပြန်ပြီ. . . (မှန်ပါ့) ဒီနေ့ ရေရေလည်လည် ပြောလွှတ်လိုက် နက်ဖြန် ထူမှာပဲ၊ အတော်ဆိုးမနေဘူးလား. . . (ဆိုးပါတယ်ဘုရား) ရှင်းကြပလား. . . (ရှင်းပါပြီဘုရား)။

ဒကာ ဒကာမတွေ မပါးဘူး၊ မပါးဘူး၊ ခင်ဗျားတို့ဟာ တစ်ခါပြောရင် မှတ်တာမဟုတ်ဘူး၊ မှတ်ကြရဲ့လား. . . (မမှတ်မိကြပါဘုရား)။

ဦးဇင်း ကလေးများကျတော့၊ တစ်ခါပြော မမှတ်မိတဲ့အခါကျတော့၊ အမေမိဘက စိတ်တိုတဲ့ပြီး ခေါင်းခေါက်တယ်၊ ထိပ်ရိုက်တာတွေ မလာဘူးလား. . . (လာပါတယ်ဘုရား)။

## ခေါင်းခေါက်ရမည့်အရွယ်မဟုတ်တော့ဘူး

ခင်ဗျားတို့ကလည်း အရွယ်က ကြီးကုန်တော့တော်တော်ခက်နေတယ်၊ ခေါင်းခေါက်ထိပ်ရိုက်ရမှာကလည်း အရွယ်မဟုတ်တော့ဘူး. . . (မှန်ပါ့) သို့သော် ကန့်လန့်ကတော့လုပ်တယ်. . . (မှန်ပါ့) မလုပ်ဘူးလား. . . (လုပ်ပါတယ်ဘုရား)။

နက်ဖြန်မနက်ထွက်မှာ စီးပွားရှာတာလား၊ မျက်ရည်ရှာတာလား. . . (မျက်ရည်ရှာတာပါဘုရား) အဲဒါ လုပ်ကောင်း မလုပ်ကောင်း. . . (မလုပ်ကောင်းပါဘုရား)။

နက်ဖြန် ဘယ်သူမှ မခင်ပါနဲ့တော့ဆိုရင် ဘယ်သူ့အတွက်မှ မျက်ရည်ကျစရာ လိုသေးသလား. . . (မလိုပါဘုရား) ဒီလိုမဟုတ်ဘဲ နက်ဖြန်ကျလို့ရှိရင် ဘယ်သူကျန်းမာသလား၊ ဘယ်သူ ချမ်းသာသလားဟုတ်လား၊ ဘယ်သူနဲ့ မတွေ့ရလို့ ခက်တယ်၊ ဘယ်သူ့မမြင်ရလို့ ခက်တယ်နဲ့ ခင်ဗျားတို့က လျှောက်ပြီး ရှုပ်နေပြန်တာတဲ့. . . (မှန်ပါ့) မရှုပ်ဘူးလား (ရှုပ်ပါတယ်ဘုရား) ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

ဒါဖြင့် ခင်ဗျားတို့ အလုပ်ဟာက အားကိုးလွဲတာကတော့ သေချာတယ်. . . (သေချာပါတယ်) ဘာကိုချည့်အားကိုးနေသတုံး. . . (အနတ္တချည်း အားကိုးနေကြပါတယ်) အနတ္တချည်း အားကိုးနေတယ်ဆိုတော့ ဦးဘတင်ရဲ့ စာသံပါနေတယ်၊ မျက်ရည်ကျဖို့ချည်း အားကိုးနေတယ်လို့ ပြောလိုက်ပါ. . . (မှန်ပါ့) ရိပ်မိပလား. . . (ရိပ်မိပါပြီဘုရား)။

ဦးဘအုန်းရေ. . . လောကကြီးထဲ ဖြစ်နေတာပြောပါတယ်. . . (မှန်ပါ့) ဦးဇရင် ဟုတ်ကဲ့လား. . . (ဟုတ်ပါတယ်ဘုရား) လောကကြီးထဲ ဖြစ်နေတာ ဒီအတိုင်းကို တန်းနေတာပဲ. . . (မှန်ပါ့)။

ဒါ ဘယ့်နှယ်ကြောင့်တုံး. . . ဆိုလို့ရှိရင် ဒကာ ဒကာမတွေ ရိပ်မိပလား. . . (ရိပ်မိပါပြီဘုရား) အားကိုးရှာတာ လွဲနေတယ် (မှန်ပါ့)။

ဒါဖြင့် ဒကာဒကာမတို့ ခုနင်က ဘုန်းကြီးပြောခဲ့တယ်၊ မဂ္ဂင်ဘဲ အားကိုးကြပါလို့ ဘုရားက ဒါကို အားကိုးရမယ်တဲ့၊ ဓမ္မဒီပါ ဓမ္မသရဏာကိုး. . . (မှန်ပါ့) ဓမ္မဒီပါ = ကျွန်းကြီး သဖွယ်ဖြစ်တဲ့ မဂ္ဂင်ကိုသာ အားကိုးကြပါ၊ ဓမ္မသရဏာ = မဂ္ဂင် ကိုသာ အားကိုးပါ၊ ဓမ္မသရဏာ = မဂ္ဂင်ကိုသာ ကိုးကွယ်ပုန်း အောင်းရာ ရှိကြကုန်သည်၊ ဟောထ = ဖြစ်ကြပါကုန်လော့၊ မဟောဘူးလား (ဟောပါတယ်ဘုရား)။

ဒါဖြင့် ဘာကိုအားကိုးကြမယ်. . . (မဂ္ဂင်ကို အားကိုး ကြရပါမယ်ဘုရား) မဂ္ဂင်အားကိုးတော့ မဂ္ဂင်က ဘယ်ကိုပို့သတုံး (နိဗ္ဗာန်ပို့ပါတယ်ဘုရား) နိဗ္ဗာန်ပို့တော့ ငိုစရာ ရှိသေးရဲ့လား. . (မရှိပါဘုရား) သေစရာကော. . . (မရှိပါဘုရား)။

ဒါဖြင့် စောစောကိုများ သူ့ကိုပြောင်းပြီး အားကိုးလိုက် မယ်ဆိုရင် သမုဒ္ဒရာ လေးစင်းရေလောက်ဆိုတဲ့ မျက်ရည်တွေ မငိုရပါဘူး. . . (မှန်ပါ့) သဘောကျပလား. . . (ကျပါပြီ ဘုရား)။

## အငိုတိတ်ချင်ရင် မဂ္ဂင်အားကိုး

ဒါဖြင့် ဘယ်လိုဆုံးဖြတ်ချက်ချကြမတုံး၊ ဒီလိုလုပ်ကြပါ၊ အငိုတိတ်ချင်ရင် မဂ္ဂင်အားကိုး၊ ဆက်ပြီး ငိုချင်သေးရင် သားရေး၊ သမီးရေး စီးပွားရေးလိုက်ပါ. . . (မှန်ပါ့) ရှင်းပလား (ရှင်းပါပြီဘုရား)။

ငိုကြောရှည်ချင်ရင် ဘယ့်နှယ်တုံး သားရေး၊ သမီးရေး၊ စီးပွားရေးချည်းလိုက်နေ ရိပ်မိပလား. . . (ရိပ်မိပါပြီဘုရား)။

အံမာလေး မနည်းပြောရတယ်၊ ခင်ဗျားတို့ ပြောရတာ ကလည်းမလွယ်ဘူး. . . (မှန်ပါ့) အဲဒါ လူကြီးတွေကို ပြောတာပဲ ဆိုတာကိုဖြင့် မှတ်ကြပါတော့. . . (မှန်ပါ့) ဒီအထဲမှာ ကလေးတွေကို ပြောလို့ရှိရင် ဒါလောက် နားလည်မှာ မဟုတ်ဘူး. . . (မှန်ပါ့)။

ဦးဇံရင်၊ ဒါ ဘယ်သူ့ဟောနေတဲ့ တရားတုံး. . . (လူကြီးတွေ ဟောနေတာပါဘုရား) လူကြီးတွေမှာ ငိုကြောရှည်နေတဲ့ အလုပ်လုပ်နေတာ၊ အခု သူကိုယ်တိုင် မသိဘူး. . . (မှန်ပါ့) သိရဲ့လား (မသိပါဘုရား)။

အငိုတိတ်ဖို့ရာ အလုပ်လုပ်ဖို့ရာ အကြောင်းကိုလည်း သူမစဉ်းစားဘူး. . . (မှန်ပါ့) နှစ်ဖက်မသိ ဖြစ်နေတာ. . . (မှန်လှပါ) ငိုကြောရှည်တဲ့အလုပ်ကို လုပ်နေတယ်လို့ကော (မသိပါဘုရား) အငိုတိတ်တဲ့ အလုပ်ကို လုပ်ကောင်းတယ်လို့

ကော. . . (မသိပါဘုရား) သားရေး၊ သမီးရေး၊ စီးပွားရေး အလုပ်ကဖြင့် (ငိုကြွေးရှည်တဲ့အလုပ်ပါဘုရား) ငိုကြွေးရှည်တဲ့ အလုပ်၊ ကိုယ့်ခန္ဓာ ကိုယ်ခင်နေတာလည်း ငိုကြွေးရှည်ဖို့ပဲ (မှန်ပါ့)။

နောက်ဘဝလည်း ဒီခန္ဓာရ၊ ကိုယ့်အပူနဲ့ကိုယ် ငိုဦး. . . (မှန်ပါ့) ဒီလိုပဲ မနေဘူးလား. . . (နေပါတယ်ဘုရား) ကိုင်း ဒါဖြင့် ခင်ဗျားတို့ ငိုကြွေးရှည်ချင်လို့ရှိရင် ကိုယ့်ကိုယ်ကိုခင်၊ စီးပွားရေးခင်၊ ဒါ ငိုကြွေးရှည်တဲ့ အလုပ်ပဲ. . . (မှန်ပါ့) ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

## အတော်ကောင်းတဲ့ဆေး

အငိုတိတ်ချင်ရင် ဘာလုပ်ကြမယ်. . . (မဂ္ဂင် အလုပ် လုပ်ရပါ့မယ်) ဒီဆေးဟာ အတော်ကောင်းတဲ့ ဆေးဗျ. . . (ကောင်းပါတယ်ဘုရား)။

ဦးဇင်း ဒီဆေး ဘယ့်နှယ်နေသတုံး. . . (ကောင်းပါ တယ်ဘုရား) မသောက်ချင်ဘူးဆိုရင် ငိုကြွေးရှည်ချင်လို့လား (မှန်ပါ့) သောက်ပါ့မယ်ဆိုရင် အငိုတိတ်ချင်လို့. . . (မှန်ပါ့) ဒါ ကိုယ့်ဟာကို ဆုံးဖြတ်ချက်ချ. . . (မှန်ပါ့) ဆုံးဖြတ်ချက် ချတတ်ပလား. . . (ချတတ်ပါပြီဘုရား)။

ဒီအလုပ် မလုပ်ချင်ဘူး၊ မဂ္ဂင်အလုပ် မလုပ်ချင်ဘူး ဆိုရင်. . . (ငိုကြောရှည်ချင်လို့ပါဘုရား) သဘောပါပလား (ပါပါပြီဘုရား)။

ဒါဖြင့် တပည့်တော်တို့ဘုရား အငိုဇာတ်တော့ဖြင့် စခန်းသတ်ပါတော့မယ်ဆိုရင် ဘာလုပ်ရမလဲ. . . (မဂ္ဂင်အလုပ်လုပ်ရပါမယ်ဘုရား) ပေါ်ပလား. . . (ပေါ်ပါပြီဘုရား)။

ငိုကြောရှည်တာနဲ့ အငိုတိတ်ဖို့ကို မနည်းဟောရပါကလား၊ နာရီသုံးမတ်တောင် ကြာသွားတယ်. . . (မှန်ပါ့) ဒကာ ဒကာမတို့ မသိလို့ ဖော်ရတာနော်. . . (မှန်ပါ့) မသိလို့ ဖော်နေရတာ၊ ဦးဝကြီးဟာ နည်းတဲ့အသက် မဟုတ်ဘူးဗျ. . . (မှန်ပါ့) အခုထက်ထိ ငိုကြောရှည်တဲ့လမ်းကို လိုက်တုန်း ရှိသေးတယ်. . . (မှန်ပါ့) မဆိုနိုင်ဘူးလား. . . (ဆိုနိုင်ပါတယ်ဘုရား)။

သားခင်၊ သမီးခင်၊ ဆွေခင်၊ မျိုးခင်ဆိုတာ ဘာတုံး. . (ငိုကြောရှည်လမ်း လိုက်တာပါ) မဂ္ဂင်လမ်းကို သူ ကောင်းကောင်းမွန်မွန် မလိုက်သေးဘူးဗျ. . . (မှန်ပါ့)။

ဘာဖြစ်လို့တုံးဆိုတော့ အငိုမတိတ်ချင်သေးလို့. . . (မှန်ပါ့) ဒီအရွယ်ကြီးဟာ မကောင်းတော့ဘူးဗျ. . . (မကောင်းပါဘုရား) ရိပ်မိပလား. . . (ရိပ်မိပါပြီဘုရား)။

နောက်က ဒကာ ဒကာမတွေဟာ ကိုယ့်အရွယ်နဲ့ ကိုယ်ကောင်းကြသေးရဲ့လား. . . (မကောင်းပါဘုရား) ဒါဖြင့် ငိုကြောရှည်တဲ့လမ်းနဲ့ အငိုတိတ်တဲ့လမ်းကို ဘယ်လမ်းလိုက် မလဲ. . . (အငိုတိတ်တဲ့လမ်း လိုက်ပါ့မယ်) အပြောတော့ ဟုတ် နေတာပဲ. . . (မှန်ပါ့)။

ဦးဘတင်ရေ၊ အပြောတော့ ဟုတ်နေတာပဲ၊ လုပ်ပုံ ကိုင်ပုံတွေ ကြည့်ရတာဖြင့် ဒကာဒကာမတို့ နေ့စဉ်ငိုဖို့ ရှာ နေကြတာပဲ. . . (မှန်ပါ့) မရှာကြဘူးလား. . . (ရှာပါတယ် ဘုရား)။

ကိုင်း. . . ဒါဖြင့် သိမ်းတတ်ပလား. . . (သိမ်းတတ် ပါပြီဘုရား) ကိုယ့်မျက်ရည် ကိုယ်သိမ်းမှရမယ်. . . (မှန်ပါ့) ဘာဖြစ်လို့တုံးဆိုတော့ ကိုယ်ငိုချင်လို့ ရှာထားတာကို ဒါတွေ လွှင့်ပစ်လိုက်လို့ရှိရင်ဖြင့် ငိုစရာရှိသေးရဲ့လား. . . (မရှိပါ ဘုရား)။

လွှင့်ပစ်လိုက်ဆိုတာက ဒီအပေါ်မှာ ခင်တွယ်တဲ့ သမု ဒယသစ္စာကို သတ်ရဦးမှာ ဦးဘတင်ရ. . . (မှန်ပါ့) သတ်လိုက် လို့ရှိရင် အငိုမတိတ်ဘူးလား. . . (တိတ်ပါတယ်ဘုရား)။

## ငိုကြောရှည်ချင်ရင်

ဒါဖြင့် စကားနှစ်လုံးတည်းပဲ ဒကာ ဒကာမတွေ ဟောနေပါတယ်၊ ငိုကြောရှည်ချင်လို့ရှိရင်ဖြင့် ခန္ဓာခင်တဲ့၊

ပစ္စည်းခင်တဲ့အလုပ်ကိုလုပ်ပါ. . . (မှန်ပါ့) ငိုကြောရှည်ချင်ရင် ခန္ဓာပစ္စည်းခင်တွယ်တဲ့ အလုပ်လုပ်ပါ. . . (မှန်ပါ့) အဲဒါ ငိုကြော ရှည်တဲ့လမ်းပဲ. . . (မှန်ပါ့) ခန္ဓာနဲ့ ပစ္စည်း မခင်တဲ့ မဂ္ဂင်အလုပ်ကို လုပ်လို့ရှိရင်. . . (အငိုတိတ်တတ်တဲ့ အလုပ်ပါဘုရား) ရှင်းပလား (ရှင်းပါပြီဘုရား)။

ငိုကြောရှည်တဲ့အလုပ်က ခန္ဓာနဲ့ ပစ္စည်းကို ရှာဖွေပြီး သကာလ မခွဲနိုင်၊ မခွာရက်ဖြစ်နေတဲ့အလုပ်တွေဟူသရွေ့ ငိုကြောရှည်ချင်လို့. . . (မှန်ပါ့) သဘောကျပလား. . . (ကျပါပြီဘုရား)။

ခင်ဗျားတို့အမြင်နဲ့ ပြောမယ်ဆိုရင်တော့ဖြင့် ဒီတရား ဟာ ကန့်လန့်ပဲ. . . (မှန်ပါ့) ခင်ဗျားတို့က သားနဲ့ သမီးနဲ့ ဝေးတော့မယ် ဆိုလို့ရှိရင် အဝေးမှာပဲ ခွဲခွာပြီး နေရတော့မယ် ဆိုလို့ရှိရင် ခင်ဗျားတို့မကြိုက်ဘူး. . . (မှန်ပါ့ဘုရား) ကြိုက် ကဲ့လား. . . (မကြိုက်ပါဘုရား) ဘာဖြစ်လို့ မကြိုက်သတုံးလို့ မေးလို့ရှိရင် ငိုစရာ ငဝးနေလို့. . . (မှန်ပါ့) နီးနေတဲ့အခါကျ တော့. . . (အနီးငိုရပါတယ်ဘုရား)။

ဒါဖြင့် အနီးငိုနဲ့ အဝေးငို ဘယ်ဟာ ကြိုက်ကြပါလိမ့်၊ အတော်ခက်ပါပေ့လား ဒကာ ဒကာမတို့၊ အဝေးငို အနီးငို ဘယ်ဟာ ကောင်းသတုံး. . . (ဘယ်ဟာမှ မကောင်းပါဘုရား) တော်တော် ရိပ်မိလာကြပြီ. . . (မှန်ပါ့)။

တော်လာပြီ. . . တော်လာပြီ. . . ဒကာ ဒကာမတို့ နဂိုက ခင်ဗျားတို့အထင်ကတော့ သားနဲ့၊ သမီးနဲ့၊ ဆွေနဲ့၊ မျိုးနဲ့ အိမ်ထောင်ဖြစ်လို့ ခွဲခွာရတော့မယ် ဆိုတာတောင်မှ ကျေနပ်ကဲ့လား. . . (မကျေနပ်ပါဘုရား)။

အဝေးကို လှမ်းငိုရမှာက မကောင်းဘူး၊ နီးနီးနားနား တွင် လက်သိပ်ထိုးငိုရတာ. . . (ကောင်းပါတယ်ဘုရား) အတော်ဆိုးနေတာ. . . (မှန်ပါ့) မဆိုးဘူးလား. . . (ဆိုးပါတယ်ဘုရား) ပေါ်ပလား. . . (ပေါ်ပါပြီဘုရား)။

## အငိုတိတ်တဲ့လမ်းက ဘယ်လမ်းပါလိမ့်

ဒါဖြင့် ပြင်ကြဦးလေဗျာ။ အငိုတိတ်တဲ့လမ်း ဘယ်လမ်းပါလိမ့်. . . (မဂ္ဂင်လမ်းပါဘုရား) အငိုများတဲ့လမ်းက. . . (ပစ္စည်းနဲ့ခန္ဓာစွဲတဲ့လမ်းပါဘုရား) သားသမီးနဲ့ ပစ္စည်းလမ်းပေါ့ဗျာ. . . (မှန်ပါ့) သဘောကျပလား. . . (ကျပါပြီဘုရား)။

ဒါဖြင့် မဂ္ဂင်အလုပ်လုပ်တာသည် ဒကာ ဒကာမတို့ ပျင်းနေလို့ရှိရင် ကိုယ့်ကိုယ်ကို ဆုံးမပါ၊ မင်း ငိုကြောရှည်ချင်သေးလို့ မင်းပျင်းတာလား၊ မရှက်သေးဘူးလား၊ လူ့ပုံအလယ်မှာ အရှက်တကွဲ အကျိုးနည်းဖြစ်ခဲ့တဲ့ဘဝပေါင်း မရေမတွက်နိုင်တော့ဘူး၊ မင်းငိုခဲ့ရတာတွေ ဘယ်လောက်များ များမယ်ထင်ကြသတုံး. . . (မရေတွက်နိုင်ပါဘုရား)။

အဲဒီတော့ အရှက်တကွဲ အကျိုးနည်း ဘယ်လောက်ဖြစ်ခဲ့သတုံး. . . (မရေတွက်နိုင်ပါဘုရား) အဲဒါဟာ ကိုယ့်ကိုယ်ကို ဆုံးမကြနော်. . . (မှန်ပါ့)။

ဝိပဿနာအလုပ်ကို မလုပ်ချင်တဲ့စိတ် ပေါ်လာလို့ရှိရင်၊ မင်းဟာ အရှက်တကွဲ အကျိုးနည်းငိုပွဲ ဆင်ချင်လို့လားလို့ မေးပါ (မှန်ပါ့) ဒါဟာ ဝိပဿနာအလုပ် မလုပ်တိုင်း မလုပ်တိုင်း ကိုယ့်ကိုယ်ကို မေးပါ. . . (မှန်ပါ့)။

မင်းသည်ကားလို့ဆိုရင် အရှက်တကွဲ အကျိုးနည်းငိုပွဲဆင်ချင်လို့လား၊ မလုပ်တိုင်း မလုပ်တိုင်း မေးရမယ် (မှန်ပါ့ဘုရား)။

လုပ်လာပြီဆိုမှဖြင့် မင်းလိမ္မာလာပြီ အငိုတိတ်ချင်တဲ့လမ်းကို မင်းလိုက်လာပြီ ဒါ ကိုယ့်ကိုယ်ကိုပြောရမှာ. . . (မှန်လှပါဘုရား) ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

အလုပ် လုပ်ဖို့ ပျင်းတဲ့အခါကျတော့ ဘယ်လိုဆုံးမရမလဲ. . . (မင်း ငိုပွဲဆင်ချင်လို့လားလို့ ဆုံးမရပါမယ်ဘုရား) အဲ. . . အရှက်တကွဲ အကျိုးနည်း ငိုပွဲဆင်တဲ့လမ်းကို မင်းကြုံချင်သေးလို့လား (မှန်လှပါဘုရား) ဘယ်သူ့ မေးရမှာတုံး. . . (ကိုယ့်ကိုယ်ကို မေးရမှာပါဘုရား) လုပ်တဲ့အချိန်ကျလို့ရှိရင်ဖြင့် မင်း, လိမ္မာလာပြီ ကိုယ့်ကိုယ်ကို ဝမ်းသာပါ. . . (မှန်ပါ့) ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

အဲဒါ ခင်ဗျားတို့သည်ကားလို့ဆိုရင် အလွန့်ကို ရှင်းအောင် ပြောနေတာပဲ ဒီဥစ္စာ. . . (မှန်လှပါဘုရား)။

## ကိုယ့်ကိုယ်ကိုမေးပါ

အဲဒါ ဝိပဿနာ မလုပ်တိုင်း၊ မလုပ်တိုင်း ကိုယ့်ကိုယ်ကို မေးပါ၊ တောင်စကား၊ မြောက်စကားတွေကို အားတဲ့အချိန်ကလေးမှာ ပြောမည်ကြံရင် မပြောချင်နဲ့၊ ဒါဟာ ငိုပွဲအကြောင်း ပြောနေတာ၊ သားအကြောင်း၊ သမီးအကြောင်းပဲ ပြောမှာကိုး (မှန်ပါ့ဘုရား) သဘောကျပလား (ကျပါပြီဘုရား)။

ဒီပြင်ဘာများ ပြောစရာရှိသေးသတုံး (မပြောပါဘုရား) ငိုပွဲအကြောင်းတော့ ဇာတ်သိမ်းပါတော့မယ် မပြောပါနဲ့တော့ ရိပ်မိပလား. . . (ရိပ်မိပါပြီဘုရား)။

ဒကာ ဒကာမတွေ အခု ဒီဥစ္စာကို သေသေချာချာ မှတ်ပါ (မှန်ပါ့) စကားမို့ ပြောရင် ခင်ဗျားတို့က ငိုပွဲအကြောင်း ပြောတာပဲ. . . (မှန်ပါဘုရား) ဒီပြင်ဘာများ ပြောသေးသတုံး (မပြောပါဘုရား)။

သားအကြောင်းပါမယ်၊ သမီးအကြောင်းပါမယ်၊ ဆွေမျိုးအကြောင်းပါမယ်၊ စီးပွားရေးအကြောင်းပါမယ်၊ မိတ်ဆွေ အကြောင်းပါမယ် (မှန်ပါ့) ဒီပြင်ဘာပါစရာလိုသေးသတုံး (မပါပါဘုရား) အဲဒါတွေဟာ ဘာတုံးဆိုတော့ ငိုစရာ

ချည့်ပဲ မဟုတ်ဘူးလား (မှန်လှပါဘုရား) သဘောကျပလား (ကျပါပြီဘုရား)။

## ငိုပွဲဆင်ချင်သေးလို့လား

အဲဒီတော့ ဝိပဿနာအလုပ် မလုပ်တိုင်း ဘယ်လို ဆုံးမမတုံး၊ အရှက်တကွဲ အကျိုးနည်း ငိုပွဲဆင်ချင်လို့လား၊ ရှင်းပလား (ရှင်းပါပြီဘုရား)။

ဒါကို မပြောတော့ဘူး၊ ခန္ဓာကိုယ်လှည့်ပြီး ရှုနေပြီဆိုမှ ဖြင့် ညော်. . . မင်း ပါးလာပြီ၊ မင်းအငိုတိတ်တဲ့လမ်းကို လိုက် လာပြီ၊ မင်းကိုယ်မင်း သနားပြီ၊ ရှင်းပလား. . . (ရှင်းပါပြီ ဘုရား) လိုက်တတ်ပလား. . . (လိုက်တတ်ပါပြီဘုရား)။

ပြင်ဦးနော် ဒကာ ဒကာမတွေ အရွယ်တွေ ကြီးကုန်ပြီ၊ ပြင်စရာရှိတာကလေးပြင်ပါဦး၊ မပြင်ဘဲ သေသွားရင် အရိုင်း သေ ဖြစ်သွားဦးမယ်၊ အယဉ်သေ ဖြစ်ပါဦးမလား. . . (မဖြစ် ပါဘုရား) အင်မတန် ဆိုးဝါး မသွားပေဘူးလား. . . (ဆိုးဝါး ပါတယ်ဘုရား)။

ကဲ. . . ဒါဖြင့် အခု ပြင်ချိန်ပြင်ပါလို့ သတိပေးပါ တယ်. . . (မှန်ပါ့) ရှင်းပြီနော်. . . (ရှင်းပါပြီဘုရား)။

ကိုင်း. . . ဒါဖြင့် ဦးဘအုန်းတို့ ဦးဇံရင်တို့ မဂ္ဂင်ကို အားကိုးမှ သာလျှင် အငိုတိတ်တယ်ဆိုတာ သိနေတော့

မဂ္ဂင်ကလည်း ဒကာ ဒကာမတို့ ဝိပဿနာမဂ္ဂင်တစ်မျိုး၊ လောကုတ္တရာမဂ္ဂင်တစ်မျိုး (မှန်လှပါဘုရား)။

ဝိပဿနာမဂ္ဂင် ပိုင်ရင်တောင် ခင်ဗျားတို့ ဒီဘဝ အငို တိတ်တယ်. . . (မှန်ပါ့) တစ်ဖက် လောကုတ္တရာမဂ္ဂင် ပိုင်မယ် ဆိုလို့ရှိရင်ဖြင့် ဒကာ ဒကာမတို့ အကုန် အငိုတိတ်တယ်. . . (မှန်ပါ့) တစ်ဘဝအငိုတိတ်၊ တောက်လျှောက်အငိုတိတ် ကွာတယ်. . . (မှန်ပါ့ဘုရား) မကွာဘူးလား. . . (ကွာပါတယ် ဘုရား)။

ကောင်းပြီ. . . ဒါဖြင့် ဒကာ ဒကာမတို့ မဂ္ဂင်ပဲ အငို တိတ်လမ်းရှိပါတော့လား. . . (မှန်ပါ့) ပေါ်ကြပလား. . . (ပေါ်ပါပြီဘုရား)။

## အငိုတိတ်လမ်းဟာ မဂ္ဂင်လမ်း

အငိုတိတ်လမ်းဟာ ဘာပါလိမ့်. . . (မဂ္ဂင်လမ်းပါ ဘုရား) အပူသိမ်းလမ်းဟာကော. . . (မဂ္ဂင်ပါဘုရား) အဆိုး သိမ်းလမ်းဟာကော. . . (မဂ္ဂင်ပါပဲဘုရား) အသေသိမ်းလမ်း ဟာကော. . . (မဂ္ဂင်ပါပဲဘုရား) သိပ်အဖိုးတန်ပါကလား မဂ္ဂင် တရားဟာ (မှန်ပါ့ဘုရား) ဦးဘတင် သဘောကျပလား (ကျပါပြီဘုရား)။

ဒါဖြင့် ဒကာဒကာမတို့ ဒီလမ်းကိုဖြင့် ဖြောင့်ဖြောင့်

ကြီးလိုက်ဖို့ ကောင်းပြီ. . . (ကောင်းပါပြီဘုရား) တိုက်တွန်းတာ သဘောတူကြပလား. . . (တူပါတယ်ဘုရား)။

ဘယ်လို သဘောတူတာတုံး. . . (မဂ္ဂင်လမ်းလိုက်ဖို့ သဘောတူပါတယ်ဘုရား) မဂ္ဂင်လမ်းကို အရှင်ဘုရားပြသာပြပါတော့ အဖြောင့်လိုက်ပါတော့မယ် ဘုရား၊ အငိုလည်း တိတ်တဲ့လမ်း၊ အသေလည်းရပ်တဲ့လမ်းဆိုလို့ရှိရင်ဖြင့် ဒီလမ်းထက်ကောင်းတာဖြင့် ဘယ်ကိုရှာရှာ ရှိပါဦးမလား. . . (မရှိပါဘုရား) လမ်းကောင်းလမ်းမှန်ပဲဆိုတာ သဘောကျပလား. . . (ကျပါပြီဘုရား)။

ဒါကြောင့်ဘုရားက **"သောကပရိဒေဝါနံ သမတိက္ကမာယ"** သောကပရိဒေဝလည်း သေသေချာချာ ငြိမ်းပါတယ်လို့ သတိပဋ္ဌာန်မှာ ဦးဘတင်ဟောတော်မူတယ်. . . (မှန်ပါ့) မပါဘူးလား (ပါပါတယ်ဘုရား) သောကဆိုတာ စိုးရိမ်တာ. . . (မှန်ပါ့) ပရိဒေဝဆိုတာ ငိုတာမဟုတ်လား၊ သမတိက္ကမာယက လွန်ပါတယ်တဲ့. . . (မှန်ပါ့) စိုးရိမ်ခြင်း၊ ငိုခြင်းဆိုတော့ မဂ္ဂင်ကိုသာ အားထုတ်ပါ၊ သေသေချာချာ အငိုတိတ်ပါတယ်. . . (မှန်ပါ့) ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

အဲဒါဘုန်းကြီးက အရမ်းပြောနေတယ်များ ထင်ကြသလား၊ တရားတော်က ဒီလိုဟောလို့ပြောရတာလား. . . (တရားတော်က ဟောလို့ ပြောရတာပါဘုရား)။

ဩော်. . . ဒါဖြင့် အငိုတိတ်ပြီ ခင်ဗျားတို့. . . (မှန်ပါ့) မတွေ့သေးဘူးလား. . . (တွေ့ပါတယ်ဘုရား) ဘာတွေ့ပါလိမ့်. . . (မဂ္ဂင်တွေ့ပါတယ်ဘုရား)။

ဒါဖြင့် ဒကာဒကာမတို့ အဲဒီကစပြီးသကာလ အငိုတိတ်လမ်းကိုဖြင့် လိုက်ဖြစ်အောင် လိုက်ပါတော့. . . (မှန်ပါ့) တိုက်တွန်းစရာ ကိုယ်ကိုယ်တိုင်ပြေးသွားစရာလား. . (ကိုယ်ကိုယ်တိုင် ပြေးသွားစရာပါဘုရား)။

ပြေးတော့ပြေးချင်တယ်ဘုရာ့၊ သားရေး၊ သမီးရေး စီးပွားရေး သူတို့ကို နည်းနည်းငဲ့နေလို့များ လုပ်မနေကြပါနဲ့. . . (မှန်ပါ့) ငဲ့ရင်ငိုချင်သေးလို့. . . (မှန်ပါ့)။

ငဲ့ရင် ဘယ့်နှယ်ဆိုကြမလဲ. . . (ငိုချင်သေးလို့ပါဘုရား) အဲဒီတော့ ကိုယ့်ဟာကိုယ်များ ငဲ့တဲ့စိတ်ကလေး ပေါ်လာလို့ရှိရင်၊ မင်းလောက်မိုက်တာကတော့ မရှိပါဘူးလို့ ကိုယ့်ကိုယ်ကို မြည်ကြစမ်းပါဦး (မှန်ပါ့) ဘယ်သူမြည်ရမှာတုံး (ကိုယ့်ကိုယ်ကို မြည်ရမှာပါဘုရား) မြည်တာကိုလဲ ချော့ပြီး မြည်မနေနဲ့ အမိုက်က လွန်နေတယ် (မှန်ပါ့) သဘောကျပလား (ကျပါပြီဘုရား)။

ချော့မြည်ရမှာလား၊ ဇွတ်တိုးမြည်ရမှာလား (ဇွတ်တိုးမြည်ရမှာပါဘုရား) ရဲပါ့မလား. . . (ရဲပါတယ်ဘုရား) ရဲအောင်လုပ်၊ ခင်ဗျားတို့ ဒါမှနေရာကျမယ်. . . (မှန်ပါ့) မရဲ

သေးသရွေ့ ကာလပတ်လုံး လိုသေးတယ် ဆိုရမှာပဲ. . . (မှန်ပါ့ဘုရား) ရှင်းပလား. . (ရှင်းပါပြီဘုရား)။

ကိုင်း. . . ဒါဖြင့် ဒကာဒကာမတို့ မျက်လုံး သေသေချာချာမြင်လာလို့ရှိရင်ဖြင့် ဒါ အငိုလမ်း၊ ဒါက အငိုတိတ်လမ်း ဆိုတာ ပေါ်လာတယ်. . . (မှန်ပါ့)။

မျက်လုံးလာရင်ဘယ့်နှယ်ပါလိမ့်. . . (အငိုလမ်းနဲ့ အငိုတိတ်လမ်းပေါ်လာပါတယ်ဘုရား)။

အငိုလမ်းနဲ့ အငိုတိတ်လမ်းသည် ဒကာဒကာမတို့ ဟောဒါ ခန္ဓာငါးပါးပဲ၊ ခန္ဓာငါးပါးကို မနေ့ကပြောခဲ့ပြီ၊ ရူပက္ခန္ဓာက ဆေးရုံကြီးဆိုတာ မနေ့က ပြောခဲ့လို့နားလည်ပါပြီ. . . (မှန်ပါ့ဘုရား)။

ဝေဒနက္ခန္ဓာကအနာ၊ စိတ်ဆိုတဲ့တရားက အနာပေါက်ရာဌာန၊ သညာက မသင့်တဲ့အစာ၊ သင်္ခါရက မသင့်တဲ့ဆီသို့ အမြဲ တွန်းထုတ်နေတဲ့တရား၊ ဒီတော့ ခန္ဓာငါးပါးသည် ခင်ဗျားတို့ ကျုပ်တို့ သာယာစရာ တစ်ကွက်ပါရဲ့လား. . . (မပါပါဘုရား)။

## ဘယ်အချိန်မှ ရောဂါမကင်းဘူး

ဒါဖြင့် ရောဂတောဆိုသဖြင့် ဘယ်အချိန်မဆို ရောဂါ မရှိဘူးလား (ရှိပါတယ်ဘုရား) ဒီတရားနာနေတဲ့ ဒကာဒကာမ

တွေ ခန္ဓာငါးပါးမှာ ဘယ်အချိန် ရောဂါကင်းသလဲ (ဘယ်အချိန်မှ မကင်းပါဘူး) သဘောကျပလား. . . (ကျပါပြီဘုရား)။

ဘယ်အချိန်မှ ရောဂါမကင်းဘူး. . . တဲ့၊ ဒကာ ဒကာမတွေ ယခုတိုင်နေရတာ ဟိုဘက်စောင်းရ ဒီဘက်စောင်းရ ဒီဘက်ရွှေ့ရ မရှိဘူးလား (ရှိပါတယ်ဘုရား) ဟာ. . . ရောဂါထလို့ ဒီဥစ္စာ. . . (မှန်ပါ့)။

ဟိုစောင်း ဒီရွှေ့ဟာ ဘာပါလိမ့် (ရောဂါ ထလို့ပါဘုရား) ဟိုဟာကလေး ဒီဟာကလေး ခြုံထားရတာဟာ (ရောဂါထလို့ပါဘုရား) ဒါဖြင့် ခန္ဓာကိုယ်ကြီးဟာ ရောဂါသည်ကြီးပါကလား. . . (မှန်ပါ့)။

ဦးဘတင် ဘယ့်နှယ်ဆိုကြမလဲ (ခန္ဓာကိုယ်ကြီးဟာ ရောဂါသည်ကြီးပါဘုရား) ဟိုဘက်စောင်းရ၊ ဒီဘက်စောင်းရ နေရပြန်ပြီ ဒကာ ဒကာမတို့ ဘာဖြစ်လို့တုံး (ရောဂါထနေလို့ပါဘုရား) ဟိုဘက်စောင်းလိုက်၊ ဒီဘက်စောင်းလိုက် (ရောဂါထတာပါဘုရား) ဟိုဘက်အနာပေါက်တာ ဟိုဘက်သက်သာအောင်လို့ ဒီဘက်စောင်းလိုက်တယ် (မှန်ပါ့) ဒီဘက်က ထပ်ပြီးပေါက်လာတာနဲ့ ဟိုဘက် ရွှေ့ရပြန်တယ် (မှန်ပါ့)။ သဘောကျပလား. . . (ကျပါပြီဘုရား)။

ခင်ဗျားတို့ မြည်နေကြတာပဲ၊ ခွေးတွေများလာရင် ခွေးနေရာမရသလိုပါပဲ၊ ဒီခွေးခက်လိုက်တာ ခွေးနေရာမရဘူး ဆိုတာ ဟုတ်တယ် နင့်လိုပဲစသည်နဲ့ မဆိုဘူးလား ဆိုသလား (ဆိုပါတယ်ဘုရား) ခင်ဗျားတို့ကလည်း တစ်နေရာတည်း ထိုင်လို့ပြုလို့ရရဲ့လား (မရပါဘုရား) ရွှေ့ရ၊ ပြောင်းရတယ် ဆိုတာ သဘောကျပလား (ကျပါပြီဘုရား) အင်း. . . ဘာဖြစ် ကြတာတုံး (ခွေးနေရာမရသလိုပါဘုရား) ရောဂါထလို့ ရိပ်မိ ပလား. . . (မှန်ပါ့ ရိပ်မိပါပြီဘုရား)။

## ခန္ဓာကိုယ်ကရောဂါသည်ကြီး

ကောင်းပြီ ဒါဖြင့် ဟိုဘက်ဒီဘက်စောင်းရတာလဲ ရောဂါက ဒကာဒကာမတို့၏ ခန္ဓာကိုယ်ကြီးထဲမှာ ရောဂတော ရှိတယ်ဆိုတဲ့အတိုင်း ရောဂါအမြဲရှိနေတယ် (မှန်ပါ့) မရှိဘူး လား. . . (ရှိပါတယ်ဘုရား)။

ကောင်းပြီ ဟိုစောင်း၊ ဒီစောင်းနဲ့ စောင်းတုန်းရှိသေး တယ်၊ အတွင်းကနေပြီးသကာလ ကုဋီကျင်ငယ်သွားချင်တဲ့ ရောဂါတွေ ထလာတယ်. . . (မှန်ပါ့)

ဟိုစောင်း ဒီစောင်းနဲ့ ဒီအနာကုတုန်းရှိသေးတယ် ဟိုအနာက ကြွလာပြီ (မှန်ပါ့) ဘယ့်နှယ်ဖြစ်တာတုံး (ရောဂါထ တာပါဘုရား) ဒီအနာပျောက်လို့လား (မပျောက်သေးပါဘုရား)

ဩဘ်. . . ဆက်မိနေတယ် ဆိုလိုက်ပါတော့ (မှန်ပါ့) ဒီအနာ နည်းနည်းကလေးပြုပြင်ရော ဟိုအနာ ထလာတာပဲ (မှန်ပါ့) ရိပ်မိကြရဲ့လား. . . (ရိပ်မိပါတယ်ဘုရား)။

ဘယ်အချိန် အန္တရာယ်ကင်း ဘေးရှင်းသတုံး (ဘယ် အချိန်မှ မကင်းပါဘုရား) ဒါဖြင့် ဒီရောဂါကြီး သေသေချာချာ ရှိတယ်ဆိုတာ ဒကာဒကာမတွေ ရိပ်မိပလား. . . (ရိပ်မိပါပြီ ဘုရား)။

အဲဒါ အရိယာမျက်လုံးတပ်ကြည့်မှ မြင်တယ်ဗျာ (မှန်ပါ့) အရိယာမျက်လုံး တပ်မကြည့်လို့ရှိရင်ဖြင့်၊ ဖြီးလိမ်းကာ ခြုံကာရုံကာနဲ့ နေကြလို့ရှိရင်၊ ကျန်းမာပါရဲ့လား မေးတာတောင် စိတ်ဆိုးချင် ဆိုးဦးမှာ (မှန်ပါ့) မမြင်ဘူးလား အခုနေတာ ထိုင်တာလို့ အော်ချင်အော်ပစ်ဦးမှာ (မှန်ပါ့ဘုရား) သဘောကျ ပလား. . . (ကျပါပြီဘုရား)။

တယ်လဲခင်ဗျားတို့ဥစ္စာက ခက်ပါလား၊ မျက်လုံးက လည်း တိမ်သလ္လာမစင်တော့ အတွင်းရောဂါ သူမြင်သေးရဲ့ လား. . . (မမြင်ပါဘုရား)။

## ဝိပဿနာမျက်လုံးနဲ့ကြည့်

ဒါဖြင့် ဒကာဒကာမတွေ ဒီရောဂါဆိုးကြီး မြင်ဖို့ရာ ဆိုတာကဖြင့် ဝိပဿနာမျက်လုံးနဲ့ ရှေးဦးစွာကြည့်ကြ (မှန်ပါ့

ဘုရား) ကြည့်လိုက်တဲ့အခါကျတော့၊ ဟိုဘက်က အနာတစ်လုံး ပေါက် လာတဲ့အခါ၊ 'ဖျတ်' ဆို ကြွလိုက်တဲ့အခါ ဒီအနာက ပျောက် မသွားဘူးလား (ပျောက်သွားပါတယ်ဘုရား) ပေါက်တဲ့အနာ ပျောက်သွားပြီ၊ ဟိုဘက်ကအနာထပ်ပေါ်တယ် (မှန်ပါ့) မပေါ် ဘူးလား. . . (ပေါ်ပါတယ်ဘုရား)။

ဟိုဘက်က အနာထပ်ပေါ်တော့ ဒကာဒကာမတွေ တစ်နေ့လုံး ဘာလုပ်နေတာနဲ့ အချိန်ကုန်သတုံးဆိုရင် (အနာ လှည့်ကုနေရတာနဲ့ အချိန်ကုန်ပါတယ်ဘုရား)။

ဘာနဲ့အချိန်ကုန်သလဲ (အနာလှည့်ကုနေတာနဲ့ အချိန် ကုန်တာပါဘုရား) သဘောကျပလား. . . (ကျပါပြီ ဘုရား)။

အဲဒီတော့ ခင်ဗျားတို့ လှုပ်တိုင်းရှားတိုင်းဟာ ဖြစ်ပျက် ချည့်ပဲ၊ အဲဒါ အနာပေါက်နေတာချည့် မှတ်ပါ (မှန်ပါ့) ဒီဘက် အငြိမ်မနေလို့ လှုပ်လိုက်ပြန်လို့ရှိရင်လည်း အနာတစ်လုံးက ဖြစ်ပြီးပျက်သွားပြန်ပြီ. . . (မှန်ပါ့)။

ဟိုဘက် အနာတစ်လုံးက ဖြစ်ပြီးပျက်ဖို့ရာ ပေါက်လာ ပြီ (မှန်ပါ့) မပေါက်ဘူးလား (ပေါက်ပါတယ်ဘုရား) ဒါဖြင့် ဘယ်အချိန်ကြည့်လိုက်ကြည့်လိုက် ဖြစ်ပျက်တွေဟာ အနာတွေ မှာပဲ. . . (မှန်ပါ့)။

တွေ့တိုင်းတွေ့တိုင်း ဒကာဒကာမတွေက ဝေဒနာဖြစ် ပျက်တွေ့လည်း ဒါဟာ ရောဂါတွေပဲ၊ စိတ်ဖြစ်ပျက်တွေ့ လည်း. . . (ရောဂါတွေပါဘုရား)။

ရောဂါတွေပဲ ဒကာဒကာမတို့ ဒီရောဂါကမှ အင်မတန်ကြီးတဲ့ရောဂါပါပဲ (မှန်ပါ့) မွေ့ကိုက်တာက မွေ့နိုင်တဲ့ ဆရာနဲ့ ကုလိုက်ရင် ပျောက်သေးတယ်၊ သူက ဘယ်တော့မှ ပျောက်တဲ့ ရောဂါတုံး (မပျောက်ပါဘုရား) ဆေးကုလို့ကော အားတဲ့အချိန် ရှိသေးသလား. . . (မရှိပါဘုရား)။

အဲဒီတော့ ဒီခန္ဓာကိုယ်ကြီးဟာ ရောဂတောဆိုတဲ့ဥစ္စာ လေးလေးနက်နက်ပါတာ သဘောကျပလား. . . (ကျပါပြီ ဘုရား)။

ဩော်. . . ဒါဖြင့် ဒါဟာ ဘယ်မျက်လုံးတပ်လို့မြင်တာ ပါလိမ့်. . . (အရိယာမျက်လုံးတပ်လို့မြင်တာပါဘုရား) အရိယာမျက်လုံးတပ်လို့မြင်တဲ့အခါကျတော့ အရိယာမဂ္ဂင် ခင်ဗျားတို့ ဝမ်းထဲမရောက်ဘူးလား. . . (ရောက်ပါတယ် ဘုရား)။

ဒါက ခန္ဓာငါးပါးထားပါ၊ ဒီဘက်ကနေ မဂ္ဂင်ငါးပါးနဲ့ ကြည့်လိုက်တော့ ရောဂါတွေ မမြင်ဘူးလား. . . (မြင်ပါတယ် ဘုရား) ဖြစ်ပျက်ရောဂါတွေပေါ့ဗျာ. . . (မှန်ပါ့) မြင်တဲ့အခါ ကျတော့ ဒီမြင်တဲ့တရားကို ဘာခေါ်ကြမတုံး. . . (မဂ္ဂင်ပါ ဘုရား) မဂ္ဂင် ငါးပါးလို့ မခေါ်နိုင်ဘူးလား. . . (ခေါ်နိုင်ပါတယ် ဘုရား)။

အဲ. . . မဂ္ဂင်ငါးပါးနဲ့ ကြည့်လိုက်တဲ့အခါကျတော့မှ ခုနင်က တိမ်သလ္လာမျက်လုံးတွေ တိမ်သလ္လာဖုံးနေတာတွေ

ပျောက်ပြီးသကာလ၊ ဆေးကောင်းဝါးကောင်းနဲ့တွေ့တဲ့ အရိယာမျိုးစေ့ မျက်လုံး ခင်ဗျားတို့ရတော့မှ ရောဂတော သဘောကျတယ်. . . (မှန်ပါ့) သဘောကျပလား. . . (ကျပါပြီဘုရား)။

ဒါဖြင့် ခန္ဓာကိုယ်ကြီးဟာ ရောဂါဘယ်အခါကင်းပါလိမ့် (ဘယ်အခါမှမကင်းပါဘုရား) ရောဂါကင်းနေတယ်လို့ ဝန်ခံ လို့ရှိရင် မိုက်တာမှတစ်ပါး ဘာမှ အဓိပ္ပာယ်မရှိဘူးတဲ့. . . (မှန်ပါ့) ရောဂါကင်းနေတယ်လို့ယူရင် လူမိုက်တဲ့ (မှန်ပါ့) ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

ရောဂါ ကင်းနေတယ်လို့ ကိုယ့်ကိုယ်ကိုယ် ထင်လို့ရှိရင် (လူမိုက်ပါဘုရား) အဲ. . . နကုလမာတာ နကုလပီတာတို့ကို ဘုရားသခင် ကိုယ်တော်မြတ်ကြီး သေသေချာချာ ဟောတယ်၊ မိုက်မဲတဲ့ ပုဂ္ဂိုလ်မှတစ်ပါး အသိဉာဏ်ရှိတဲ့ ပုဂ္ဂိုလ်မှာဖြင့် ဘယ်အချိန်မှ ရောဂါမကင်းဘူးဆိုတာ သေသေချာချာ သိကြ ပါလို့ ခင်ဗျားတို့ကို အရင်တုန်းကလည်း ဟောခဲ့ပါတယ်. . . (ဟောခဲ့ပါတယ်ဘုရား) ရှင်းပလား ဒကာ ဒကာမတို့. . . (ရှင်းပါပြီဘုရား)။

## ခန္ဓာကိုယ်ကြီးဟာဖြစ်ပျက်

ဒါဖြင့် ဒီခန္ဓာကိုယ်ကြီးဟာ ဖြစ်ပျက် ဖြစ်ပျက်နဲ့

စိတ်ကလေးကြည့်လိုက်ပြန်လဲ ဖြစ်ပျက်၊ ရုပ်ကလေးကြည့်လိုက်ပြန်လည်း (ဖြစ်ပျက်ပါ) အဲဒါတွေ ဘာတွေတုံး. . . (ရောဂါတွေပါဘုရား) သဘောကျပလား. . . (ကျပါပြီ) မြင်ပလား ဒီရောဂါကို. . . (မြင်ပါပြီ ဘုရား)။

မြင်အောင်ကြည့်ပါတဲ့၊ ရောဂါမြင်တဲ့အခါကျတော့ ရောဂါကို မြင်လာပြီဆိုလို့ရှိရင်ဖြင့်၊ နဂိုတုန်းက ဒီခန္ဓာကြီးကို ဖြင့် ခလုတ်မထိ ဆူးမငြိပါစေနဲ့ဆိုပြီး သူ့ကို စွဲလမ်းနေတဲ့ ဥပါဒါန်တွေ မလာဘူးလား. . . (လာပါတယ်ဘုရား) လာတော့ ကံလာတယ်. . . (မှန်ပါ့) မလာဘူးလား. . . (လာပါတယ်ဘုရား)။

ဘာဖြစ်လို့ လာပါလိမ့်ဆိုတော့ ရောဂါမမြင်လို့ ခင်နေတာ. . . (မှန်ပါ့) ခင်လို့ ကာယကံ၊ ဝစီကံတွေနဲ့ နောက်ထပ် ဒီခန္ဓာကြီးမျိုးရအောင် အားထုတ်တယ်. . . (မှန်ပါ့) အားထုတ်လို့ ဒီဘက်မှာ ရောဂါသည်တစ်ခု ပေါ်တာပဲ. . . (မှန်ပါ့) မပေါ်ဘူးလား . . . (ပေါ်ပါတယ်ဘုရား)။

အဲဒါကြောင့် ဘုရားသခင်ကိုယ်တော်မြတ်ကြီးက မာဂဏ္ဍီ ပရိဗိုဇ်ကို ဟောတယ်၊ မင်းသည်ကားလို့ဆိုရင် သူတော်ဆည်းကပ်၊ မြတ်တရားနာ၊ လျော်စွာကျင့်ဆိုတာများ မပါလို့ရှိရင်ဖြင့်၊ မင်းသည်ကားလို့ဆိုရင် မျက်လုံးတန်းပဲ၊ အာရောဂျံ ပရမံလာဘာလို့ဆိုတာ မင်းသိမှာမဟုတ်ပါဘူးတဲ့ (မှန်ပါ့) နိဗ္ဗာန်

ပရမ်သုခံလည်း မင်းသိမှာမဟုတ်ဘူးတဲ့. . . (မှန်ပါ့) သဘောကျပလား. . . (ကျပါပြီဘုရား)။

အခုတော့ ဒကာဒကာမတို့သိပြီ၊ အာရောဂျ ပရမံလာဘာံဆို ခန္ဓာရှိမှ (မှန်ပါ့) နိဗ္ဗာန် ပရမံသုခံဆိုတာကော. . . (ခန္ဓာရှိမှပါဘုရား)။

အဲဒါကို အားကိုးရာအဖြစ်နဲ့ 'အဋ္ဌင်္ဂိကောစ မဂ္ဂါနံ' မဂ္ဂင်ရှစ်ပါးပြည့်အောင် မင်းတို့လုပ်မှသာလျှင် ခုနင်က အငိုတိတ်ပါလိမ့်မယ်တဲ့၊ အနာလည်း ပျောက်ပါလိမ့်မယ်တဲ့. . . (မှန်ပါ့) သဘောကျပလား. . . (ကျပါပြီဘုရား)။

## မဂ္ဂင်မှတစ်ပါး ဘာမှ အားမကိုးနဲ့

ဒါဖြင့် မဂ္ဂင်ရှစ်ပါးမှတစ်ပါး ခင်ဗျားတို့ ဘာမှအားမကိုးနဲ့၊ သဘောကျပလား. . . (ကျပါပြီ) ကဲ. . . ဒါဖြင့် ရောဂါမြင်ကြပလား. . . (မြင်ပါပြီဘုရား) ဘယ်သူ့ကို ကြည့်ရမှာပါလိမ့်. . . (ခန္ဓာကို ကြည့်ရပါမယ်) ဘယ်အချိန် ရောဂါကင်းသတုံး. . . (ဘယ်အချိန်မှ မကင်းပါဘုရား)။

ဖြစ်လိုက် ပျက်လိုက်၊ ဖြစ်လိုက်ပျက်လိုက်ဆိုတဲ့ အနာတွေဟာ မပေါက်ဘူးလား. . . (ပေါက်ပါတယ်) ရောဂါမြင်တဲ့ ပုဂ္ဂိုလ်ကျတော့ ဒါမျက်လုံး မြင်လာလို့ ရောဂါမြင်တာနော်. . . (မှန်ပါ့) မျက်လုံးမမြင်တုန်းကဖြင့် (မမြင်ပါဘုရား) ကျန်းမာ

ပါတယ်လို့ ပြောနေကြတယ်၊ မပြောကြဘူးလား (ပြောပါတယ် ဘုရား)။

ကဲ. . . ဒါဖြင့် ရောဂါကို မင်းကောင်းကောင်း သိလို့ရှိရင် ဥပါဒါန် ချုပ်ပါလိမ့်မယ်တဲ့. . . (မှန်ပါ့) မချုပ်ဘူးလား. . . (ချုပ်ပါတယ်) ဥပါဒါန် ချုပ်ရင် ကံကကော. . . (ချုပ်ပါတယ်) ကံက ချုပ်တဲ့အခါ လာလတ္တံ့ ဇာတိ ခန္ဓာ ကော. . . (မလာပါဘုရား) ဒါဖြင့် ဒုက္ခက္ခန္ဓသ နိရောဓော ဟောတိ ဖြစ်တယ်. . . (မှန်ပါ့) သဘောကျပလား. . . (ကျပါပြီဘုရား)။

ဒုက္ခအစုကြီး ဘာတဲ့တုံး. . . (ချုပ်ပါတယ်ဘုရား) ဘယ်လိုမြင်မှ ချုပ်ပါလိမ့်. . . (ခန္ဓာငါးပါးကို ရောဂါလို့ မြင်ရမှာပါ) ရောဂါတွေမြင်မှ. . . (မှန်ပါ့)။

## ဖြစ်ပျက်မြင်မှ ခန္ဓာမခင်မှာ

ဒကာ ဒကာမတို့ ခန္ဓာငါးပါးတည်းဟူသော တရားကား ဖြစ်ပျက်တွေ မရှိဘူးလား. . . (ရှိပါတယ်) အဲဒီ ဖြစ်ပျက် ရောဂါတွေမြင်မှ ကိုယ့်ခန္ဓာ ကိုယ်မခင်တာ. . . (မှန်ပါ့) မခင်တော့ ဥပါဒါန်မပြုတ်ဘူးလား. . . (ပြုတ်ပါတယ်) ဥပါဒါန် ပြုတ်ရင် ကံပြုတ်၊ ဥပါဒါနပစ္စယာ ကမ္မဘဝေါလဲပြုတ် တယ်. . . (မှန်ပါ့) ကမ္မဘဝပြုတ်လို့ရှိရင်. . . (ဇာတိပြုတ် ပါတယ်ဘုရား)။

ဇာတိပြုတ်၊ ဇရာပြုတ်၊ မရဏပြုတ်ဆိုတော့ ဒကာ ဒကာမတွေ ငိုစရာရှိသေးရဲ့လား. . . (မရှိပါဘုရား) ဘယ်သူက အငိုတိတ်အောင် လုပ်ပါလိမ့်. . . (မဂ္ဂင်ကလုပ်ပါတယ်) ရောဂါကို မြင်တဲ့ မဂ္ဂင်လုပ်တယ်. . . (မှန်ပါ့) ရောဂါရှိတာကို မြင်တဲ့မဂ္ဂင်က လုပ်တယ်. . . (မှန်ပါ့) သဘောကျပလား (ကျပါပြီဘုရား)။

ဒီခန္ဓာကိုယ်ကြီးကို ရောဂါတွေ အဖြစ်နဲ့ အပျက်မမြင်သေးသရွေ့ ကာလပတ်လုံး၊ ခင်ဗျားတို့သည်ကားလို့ဆိုရင်ဖြင့် ဒီခန္ဓာကြီး တောင့်တမှာ. . . (မှန်ပါ့) မတောင့်တဘူးလား. . (တောင့်တပါတယ်ဘုရား)။

တောင့်တလို့ရှိရင် ဒီခန္ဓာအတွက်နဲ့ပူ၊ ဒီခန္ဓာအတွက်နဲ့ဆွေး၊ ဒီခန္ဓာက ပွားထုတ်လိုက်တာတွေအတွက်လည်း ပူဆွေးမဟုတ်ဘူးလား. . . (မှန်ပါ့) သူ့နဲ့ပတ်သက်ပြီး ချွေးမတွေ သမက်တွေ ဒါတွေနဲ့လည်း ဘာဖြစ်ရမလဲ. . . (ပူဆွေးရပါမယ်) ပူဆွေးရဦးမှာပဲ ကိုယ့်ခန္ဓာက ပွားလိုက်တာကွေ ဟူသရွေ့ ကိုယ့်ခန္ဓာကိုယ်က မျက်ရည်ကျစရာ ရထားတဲ့ခန္ဓာ. . . (မှန်ပါ့) သူက ပွားတာတွေကကော. . . (မျက်ရည်ကျစရာတွေပါဘုရား) တခြားပွားစရာတွေ လိုသေးသလား. . . (မလိုပါဘုရား)။

## ခန္ဓာကြီးကိုသိအောင်လုပ်ပါ

အဲဒီ အဓိပ္ပာယ်တွေ မာဂဏ္ဍီကိုဟောတာ. . . (မှန်ပါ့ဘုရား) မင်းသည်ကားလို့ဆိုရင် မျက်လုံးမြင်အောင်လုပ်ပါ၊ ခန္ဓာကြီးကိုသိအောင်လုပ်စမ်းပါ၊ နို့မဟုတ်လို့ရှိရင်ဖြင့် ငိုကြွေးရှည်သော မင်းလိုက်ပြီးသကာလ နေမှာပဲ. . . (မှန်ပါ့) အငိုတိတ်တဲ့ လမ်းကို သွားမှာမဟုတ်ဘူးလို့ ဆိုလိုတယ် (မှန်ပါ့) သဘောကျပလား. . . (ကျပါပြီဘုရား)။

ဒါဖြင့် ဒကာဒကာမတို့ ဘယ်လမ်းကို လိုက်သင့်သလဲ (အငိုတိတ်တဲ့လမ်းကို လိုက်သင့်ပါတယ်) ဒါဖြင့် ဘာလုပ်ကြမယ်. . . (မဂ္ဂင်အားထုတ်ပါမယ်) မဂ္ဂင်ဆိုတာ ဘာကြည့်မှ မဂ္ဂင်ပေါ်မယ်. . . (ခန္ဓာငါးပါးကြည့်မှ မဂ္ဂင်ပေါ်ပါမယ်ဘုရား)။

ခန္ဓာငါးပါး၏ တစ်ပါးပါးဖြစ်ပျက်ကို မြင်လို့ရှိရင် ဖြစ်ပျက်တည်းဟူသော ရောဂါတွေ မြင်လို့ရှိရင် ဒကာ ဒကာမတို့ မဂ္ဂင်လာမယ်. . . (မှန်ပါ့) မဂ္ဂင်လာသည်နဲ့ တစ်ပြိုင်နက်တည်း ဒါက ခန္ဓာငါးပါး၊ ဒီကမဂ္ဂင်ငါးပါး၊ ရှစ်ပါးလာပြီ ဆိုပါတော့. . . (မှန်ပါ့) ဒါက ဖြစ်ပျက်၊ ဒါကမင်္ဂမဖြစ်သေးဘူးလား (ဖြစ်ပါတယ်ဘုရား)။

သူလာကတည်းက ဒီဘက်က ကိုယ့်ခန္ဓာကြီးကို အနာမမြင်တဲ့ ဥပါဒါန်ကော မချုပ်ဘူးလား. . . (ချုပ်ပါတယ်ဘုရား) ဥပါဒါန်ဆိုတာ အနာမမြင်လို့ စွဲလမ်းတာ. . . (မှန်ပါ့) အနာ

ဒါဖြင့် အနာမြင်တဲ့ နေရာကျတော့ ဥပါဒါန်ချုပ်တယ်. . . (မှန်ပါ့) ဥပါဒါန်ချုပ်ရင် ကံကကော. . . (ချုပ်ပါတယ်ဘုရား) ကံချုပ်တော့ ဇာတိ၊ ဇရာ၊ မရဏကကော. . . (ချုပ်ပါတယ်ဘုရား) မြင်တဲ့ မဂ္ဂင်ပေါ်လာလို့ သူတို့ချုပ်ရတာ (မှန်ပါ့) မဂ္ဂင်သာ မပေါ်သေးရင်. . . (မချုပ်ပါဘုရား) မချုပ်တော့ဘူးဆိုတာ သဘောကျပလား. . . (ကျပါပြီဘုရား)။

## မာဂဏ္ဍီပရိဗိုဇ်

ဒါဖြင့် ဒကာ ဒကာမတို့ မာဂဏ္ဍီပရိဗိုဇ်က ဘယ်လိုများ ပြောလိုက်သတုံးဆိုတော့၊ အရှင်ဘုရား တပည့်တော် မျက်လုံးမြင်ပါပြီတဲ့၊ အရှင်ဘုရားတပ်ပေးတဲ့ မျက်လုံးကြောင့် မြင်ပါပြီ။

တပည့်တော် နဂိုက ပြောတာက အာရောဂျံ ပရမံ လာဘံဆိုတာ ခန္ဓာကိုယ်ကြီး ယူထားတယ်၊ နိဗ္ဗာနံ ပရမံ သုခံ ဆိုတာလည်း ဒီခန္ဓာကိုယ်ကြီးပဲ ယူထားတယ်၊ အခုတော့ အရှင်ဘုရား ဟောတော်မူတဲ့ တရားကြောင့်၊ ခန္ဓာကိုယ်ကြီးဟာ ရောဂတောဆိုတဲ့အတိုင်း၊ ရောဂါအပြည့်ရှိနေပါကလားလို့ တပည့်တော်ကြားရပါပြီတဲ့၊ ကြားပင်ကြားငြားသော်လည်း တပည့်တော်ဟာ မသိသေးဘူးတဲ့. . . (မှန်ပါ့ဘုရား)။

မင်း ဘာမသိတုံးကွ၊ မင်းသိချင်လို့ရှိရင်ဖြင့်ဆိုတဲ့ အဓိပ္ပါယ်နဲ့ တစ်နေ့ကဟာကို ပြောပြန်တာ 'သူတော်ဆည်းကပ်၊ မြတ်တရားနာ၊ လျော်စွာအကျင့်၊ မင်္ဂဖိုလ်ခွင့်၊ ရလင့်ကောင်းသာ' ဆိုတာ ဒီသုံးချက်ညီအောင် လုပ်ပါတဲ့. . . (မှန်ပါ့)။

မာဂဏ္ဍီပရိဗိုဇ်ကလည်း လုပ်ပါ့မယ်ဆိုပြီး ရဟန်းခံပရစေဆိုပြီး တောင်းပန်တယ်. . . (မှန်ပါ့) အဲဒီတော့ သူ့ကို ရဟန်းခံပေးတော့ ကြိုးစားလိုက်ပါတယ်၊ ကြိုးစားလိုက်တော့ ဒီရောဂါတွေဟာ အကုန်မြင်တာပဲ ဒကာဒကာမတို့. . . (မှန်ပါ့)။

## ဥပါဒါန်ချုပ်ကံချုပ်

ရောဂါမြင်သည်နဲ့ တစ်ပြိုင်နက်တည်း ဘာကစပြီး ချုပ်သတုံး. . . (ဥပါဒါန်ကစချုပ်ပါတယ်) ဥပါဒါန်ချုပ်ပြီး ဘာချုပ်သတုံး. . . (ကံချုပ်ပါတယ်) ကံချုပ်ပြီး ဒီဘက်က ဘာတွေချုပ်သတုံး. . . (ဇာတိ၊ ဇရာ၊ မရဏတွေ ချုပ်ပါတယ် ဘုရား)။

ရောဂါကို ဘာနဲ့မြင်သတုံးလို့ကြည့်. . . (မဂ္ဂင်ငါးပါးနဲ့ မြင်ပါတယ်) ဒါဖြင့် မဂ္ဂင်ငါးပါးသည် ဒကာ ဒကာမတို့ ရောဂါကို မြင်နိုင်တယ်. . . (မှန်ပါ့) ရောဂါကို မြင်နိုင်တာ မဂ္ဂင်မှ မြင်နိုင်တာ သဘောကျပလား. . . (ကျပါပြီ) ရောဂါမြင်တဲ့အတွက်လည်း ခန္ဓာတည်းဟူသော ရောဂါသည်ကြီးကို ဥပါဒါန်ကလည်း မစွဲဘူး၊ ကံကကော. . . (အားမထုတ်ပါဘုရား)။

နောက်ရဖို့ အားထုတ်သေးရဲ့လား. . . (မထုတ်ပါ) ကံမှအားမထုတ်ဘဲနဲ့ နောက်ခန္ဓာတွေ လာပါဦးမလား. . .

(မလာပါ) နောက်ခန္ဓာမလာဘဲနဲ့ ဒကာဒကာမတို့ ဘယ်ခန္ဓာ အတွက် ပူစရာ၊ ဆွေးစရာ သောကပရိဒေဝ လာဦးမလဲ. . . (မလာပါ) သဘောကျပလား. . . (ကျပါပြီဘုရား)။

## အငိုတိတ်ချင်ရင် ဘယ်လမ်းလိုက်မလဲ

ဒါဖြင့် အငိုတိတ်ချင်ရင် ဘယ်လမ်းလိုက်မလဲ. . . (မဂ္ဂင်လမ်း လိုက်ပါ့မယ်ဘုရား) ငိုကြောရှည်ချင်ရင်တော့ စီးပွားရေးလမ်း စသည်လိုက်. . . (မှန်ပါ့) မှတ်မိပလား. . . (မှတ်မိပါပြီ) မဂ္ဂင်လမ်းဆိုတော့ ရောဂါမြင်အောင်ကြည့်၊ ခန္ဓာကို ဖြစ်ပျက်မြင်အောင်ကြည့်၊ သဘောကျပလား. . . (ကျပါပြီဘုရား)။

ဒီနေ့ည တရားမများဘူး၊ နှစ်လုံးတည်းရယ်. . . (မှန်ပါ့) အငိုတိတ်ချင်ရင်. . . (မဂ္ဂင်လမ်းလိုက်) ငိုကြောရှည်ချင်ရင်. . . (သားသမီးနဲ့ စီးပွားရေးလမ်း လိုက်ရပါမယ်) ဒါဖြင့် ဘယ်ဟာကို လိုက်ကြမတုံး. . . (မဂ္ဂင်လမ်းကို လိုက်ကြပါမယ်) ဟုတ်ကြရဲ့လား. . . (ဟုတ်ပါတယ်ဘုရား)။

နက်ဖြန် အကဲခတ်မယ် ခင်ဗျားတို့ ရောက်ရောက်ချင်း တရားအားထုတ်၊ မဂ္ဂင်လမ်း လိုက်မလိုက် အကဲခတ်မယ်. . . (မှန်ပါ့ဘုရား)။

ကိုင်း . . . ယနေ့ ဒီတွင် တော်ကြဦးစို့. . .

သာဓု . . . သာဓု . . . သာဓု . . . ။